ဓမ္မစရိယာစ ဧတံ မင်္ဂလ မုတ္တမံ၊ ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၂၆)

တိုင်းကျိုးပြည်ပြုတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်နိုင်ရန် မရှိမဖြစ် လိုအပ်သည့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို တပ်မတော် အစိုးရက ကြိုးပမ်းအားထုတ်ခဲ့ရာ ယနေ့အချိန်အခါတွင် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို မကြုံစဖူး ထူးထူးကဲကဲ ရရှိလျက် ရှိပါသည်။ ပြည်တွင်း ပြည်ပ ပယောဂအမျိုးမျိုးတို့က တွန်းပို့ခဲ့ခြင်းကြောင့် တောတွင်းသို့ ရောက်သွားခဲ့ကြရသည့် ကျွန်ုပ်တို့၏ တိုင်းရင်းသား သွေးချင်း သားချင်းများသည် နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှုနှင့် စေတနာအပေါ် ယုံကြည်အားထား၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြကာ ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်အတူ တိုင်းကျိုးပြည်ပြု တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက် ရှိကြပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၁)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ-

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချ မင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား ဆွမ်းဘောဇဉ် ချိုချဉ်အရသာအဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူကြစဉ်။ (သတင်းစဉ်)

လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ်ဗုဒ္ဓပူဇနိယပွဲတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၅

လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ်ဗုဒ္ဓပူဇနိယပွဲ တော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်ဌာကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက် ကြည်ညိုကြသည်။

ကျောဖုံးသို့ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် ဇနီး ဒေါ်ကြိုင်ကြိုင် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချ မင်္ဂလာအခမ်းအနားတွင် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ကြပြီး ပန်း၊ ရေချမ်း၊ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များ ဆက်ကပ် လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

စွမ်းအင်ကဏ္ဍ ဖူလုံပို့လျှံစေရေး ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးချဲ့ ရှာဖွေထုတ်လုပ်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေး ရည်မှန်းချက်များဖြင့် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းတည်ဆောက်လျက် ရှိသည်။

ယင်းသို့ ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အတွင်းရှိ သယံဇာတ စွမ်းအား၊ နိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် တိုင်းရင်းသားပြည်သူများ၏ စွမ်းအားတို့ကို အခြေခံပြီး အမျိုးသားစီမံကိန်းများဖြင့် စနစ်တကျ ဆောင်ရွက်နေသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် သဘာဝသယံဇာတ အရင်းအမြစ်များကို တိုးချဲ့ရှာဖွေထုတ်လုပ်လျက် ရှိသည်။

နိုင်ငံတော်အတွင်းရှိ သဘာဝသယံဇာတများကို ကြိုးပမ်းရှာဖွေ ထုတ်လုပ်လျက်ရှိရာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့သည် တစ်ခုအပါအဝင် ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ပြည့်ဝဖူလုံပို့လျှံစေရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကုန်းတွင်းပိုင်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအသစ်များကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကမ်းလွန်ရေနံရှာဖွေရေး လုပ်ငန်းများကိုလည်း ပြည်ပကုမ္ပဏီများဖြင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

စွမ်းအင်ကဏ္ဍအတွက် နိုင်ငံတော်၏ သဘာဝအရင်းအမြစ် စွမ်းအင်ရတနာသိုက်အသစ်များကို အမြဲမပြတ် ရှာဖွေထုတ်လုပ်လျက်ရှိသည်။ မူလသဘာဝစွမ်းအင် ရတနာသိုက်များအပြင် ၁၉၉၉ ခုနှစ်အတွင်း ညောင်တုန်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်၊ ၂၀၀၁ ခုနှစ်အတွင်း သာကြီးတောင်၊ စံပယ်တောင် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်၊ ၂၀၀၂ ခုနှစ် ဩဂုတ်လအတွင်း အင်းတော်သဘာဝဓာတ်ငွေ့သိုက်၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်းက ရခိုင်ကမ်းလွန်ဒေသတွင် နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီလ ၄ ရက်နေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးက ညောင်တုန်း ဘူမိအနေအထားနှင့် ဆက်စပ်လျက်ရှိသည့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း(အလယ်)ဒေသများအတွင်း တွင်းသစ်များ ဆက်လက်ရှာဖွေတူးဖော်နိုင်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ညောင်တုန်း-ရွာမ (၁၄)လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအသစ်ကို အချိန်မီ ဆက်သွယ်ခင်းကျင်းနိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် တွင်းသစ်အမှတ်(၂၁)သို့ သွားရောက်ပြီး တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တွင်းသစ်အမှတ်(၂၁)မှ နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေ ၆ ဒသမ ၉၇၄ သန်းနှင့် လေဆီ Condensate ၇၂ စည်ခန့်ကို ထုတ်လုပ်လျက် ရှိသည်။

ယခုအခါ ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေတွင် တွင်းပေါင်း ၁၆ တွင်းမှ နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေ ၈၃ သန်းခန့်နှင့် လေဆီ Condensate ၁၁၈၄ စည်ခန့်ကို ထုတ်လုပ်ပေးလျက်ရှိသည်။ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ညောင်တုန်း-ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် ရန်ကုန်ဒေသအတွင်းရှိ စက်ရုံများသို့ ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ သဘာဝ သယံဇာတအရင်းအမြစ်များကို အခြေခံပြီး နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် နည်းလမ်းများကိုရွေးချယ်၍ စွမ်းအင်ကဏ္ဍ ပြည့်စုံ ဖူလုံပို့လျှံစေရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပိုမိုတိုးချဲ့ ရှာဖွေထုတ်လုပ်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ထုတ်လုပ်သည့်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရေးဆောင်ရွက် သုံးစွဲသူများလက်သို့ အချိန်မီရောက်ရှိရေး ဆွေးနွေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဇန်နဝါရီ ၃၁ ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပန်းတောင်းမြို့နယ်ရှိ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ ဘက်ထရီအိုးထုတ်လုပ်မှုစက်ရုံ (ထုံးဘို)သို့ ရောက်ရှိ၍ ဘက်ထရီအိုးခွံအတွင်း လိုအပ်သည့် ပစ္စည်းအစိတ်အပိုင်းများ တပ်ဆင်မှုကိုလည်းကောင်း၊ ပလိပ်ပြားပြုလုပ်ရန်အတွက် ခဲမှုန့်များထုတ်လုပ်မှုကိုလည်းကောင်း၊ ခဲမှုန့်များကို ဘက်ထရီပလိပ်ပြား ပြုလုပ်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဖေဖော်ဝါရီ ၁ ရက်တွင် အမှတ်(၂) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(မလွန်)၏ ပုံသွင်းနှင့် မာရှိန်ပြောင်းအလုပ်ရုံ၌ လယ်ထွန်စက်ပစ္စည်း အစိတ်အပိုင်းများ သံပုံထောင်းခြင်း၊ သံထည်ပစ္စည်းများ အမာတင်ခြင်းနှင့် မြင်းကောင်ရေ ၈၀ အားရှိသော လယ်ထွန်စက်ကိုယ်ထည်များ ထုတ်လုပ်တပ်ဆင်ခြင်းတို့ကိုလည်းကောင်း၊ စက်ပစ္စည်းအလုပ်ရုံ၌ လယ်ထွန်စက်ပစ္စည်း အစိတ်အပိုင်းများ စက်ခုတ်စားခြင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်သည့် ပစ္စည်းများ အရည်အသွေးကောင်းမွန်ရေး၊ လျာထားချက်ပြည့်မီရေး၊ ထုတ်လုပ်သည့်ပစ္စည်းများ သုံးစွဲသူများလက်သို့ အချိန်မီရောက်ရှိရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေစင်နှင့်ရေလှောင်ကန်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားတွင် ဆောက်လုပ်လျက်ရှိသော ဂါလန် ၁၆၀၀ ဆံ့ ရေစင်နှင့် ဂါလန် ၂၀၀၀ ဆံ့ ရေလှောင်ကန်တို့အတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက်က သင်္ကိသုခ နှစ်ထပ်ဓမ္မာရုံသစ်တွင် ကျင်းပသည်။

ရှေးဦးစွာ ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရဏ်ဆွမ်း ဆက်ကပ်ကြပြီး အောင်မင်္ဂလာ ကျောင်း ဆရာတော် ဘဒ္ဒန္တစရိယ (နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်) သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဂန္ထဝါစကထံမှ ငါးပါးသီလခံယူကြသည်။ ဆက်လက်၍ အလှည့်ကျ ဂေါပကအဖွဲ့ဝင်များထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးအေးစု-ဒေါ်မြင့်မြင့်သန်း မိသားစုက ငွေကျပ် ၂၃၆၀၀၀၊ ဒေါ်ခင်ခင်တင့် မိသားစုက ကျပ်ငါးသောင်း၊ ဦးကျင်မောင်-ဒေါ်ခင်ကြည် မိသားစုက ကျပ်ငါးသောင်း၊ ရွှေသက်န်းအတွက် ကျပ်နှစ်သောင်း၊ ဦးခင်မောင်-ဒေါ်အုံးညွှန့် မိသားစုက ကျပ်နှစ်သောင်း၊ ဦးမောင်ထူး-ဒေါ်ခင်ခင်လှ မိသားစုက ကျပ်သုံးသောင်း၊ ဦးစောလွင်-ဒေါ်ပြုံးညွှန့် မိသားစုက ကျပ် တစ်သောင်း၊ ဦးချစ်-ဒေါ်တင်တင်မိသားစုက ကျပ်တစ်သောင်း၊ ဦးသန်း-ဒေါ်ခင်အေး (အေးမေတ္တာ ပုံနှိပ်တိုက်)က ကျပ် တစ်သောင်း၊ ဦးစိန်ထွန်းနှင့် သားသမီးများက ကျပ်တစ်သောင်း၊ ဒေါက်တာမောင်မောင်သန်းထွန်း-ဒေါ်နွယ်နွယ်အေး တူမ ငြိမ်းငြိမ်းသူ (ကျောက်ဆည်၊ မန္တလေး)က ကျပ်တစ်သောင်း၊ ဦးမြင့်ဝင်း-ဒေါ်မြင့်မြင့်ဆွေက ကျပ်တစ်သောင်း၊ ဦးကျော်မြင့်-ဒေါ်တင်စိန် မိသားစုက ကျပ်တစ်သောင်းနှင့် ဦးစန်းလွင်-ဒေါ်ခင်အုန်းမြင့်တို့က ကျပ်သုံးထောင်တို့ကို လှူဒါန်းကြရာ လှူဒါန်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

(၁၂၉)

ဖေဖော်ဝါရီ ၄ ရက်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ၂၀၀၃ ခုနှစ် ဒုတိယနှင့် တတိယ လေးလပတ် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို တာမွေမြို့နယ်ရှိ ဝန်ထမ်းရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့် အမှာစကား ပြောကြားစဉ်။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၆-၂-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ နှာဝင်ငြိမ့်စီးသီချင်းကြီး
၄:၂၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်ချီချစ်သူဆီ
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ် (စာရင်းအင်းပညာ) (ခ)တတိယနှစ်(ပထဝီဝင်)
၅:၃၀ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"** (အပိုင်း-၁၃)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လွှိုပုနှင့်သောင်းချမ်"** (အပိုင်း-၂၈)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

● **ကျော်ဖုံးမှ**

ထို့နောက် ရေစက်ချမင်္ဂလာအခမ်းအနားကို နံနက် ၇ နာရီ ၁၅ မိနစ်တွင် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်သည့် ဂန္ဓကုဋိကျောင်းတော်ကြီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အကြံပေးပုဂ္ဂိုလ်ဦးအံ့မောင်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ရာ တိ ကြားအဖွဲ့က မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်း သုံးကြိမ်တီးမှုတ်ပူဇော်သည်။

ကိုးပါးသီလဆောက်တည်

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချ မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံ သင်္ကန်းအစရှိသောလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော် သံဃာတော်များအား ဆွမ်းဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူကြစဉ်။ (သတင်းစဉ်)

ရာပြည့်အကြိုမွေးနေ့ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်း မင်းကွန်းတောရ ပဋ္ဌိပတ္တိကျောင်းတိုက်ကြီး၏ဦးစီးပဓာန မဟာနာယက ဆရာတော်ကြီး၏ သက်တော် (၉၅)နှစ် ရာပြည့် အကြို မွေးနေ့ ပူဇော်ပွဲကို မင်းကွန်းတောရ ပဋ္ဌိပတ္တိနုဂ္ဂဟအသင်းကြီးက ကြီးမှူး၍ ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော်၁၀ ရက် (ဖေဖော်ဝါရီ ၁၅ရက်) တနင်္ဂနွေ နေ့တွင် ပင့်သံဃာအရှင်မြတ် ၁၀၀ တို့အား နေ့ဆွမ်းဆက်ကပ်ပြီး သင်္ကန်း အစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ဝန်ကြီးချုပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က နိုင်ငံတော်ပြဝါဒါစရိယ တာမွေမြို့နယ် မြန်မာသိရီလင်္ကာရာမကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းလှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့သည် နိုင်ငံတော်ပြဝါဒါစရိယရွှေဟင်္သာတောရ သီရိမင်္ဂလာစံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရာဇိန္ဒာဘိဝံသထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၄ ကော်လံ ၁

စာမျက်နှာ ၃ မှ

အတွင်းရေးမှူး(၁)လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က နိုင်ငံတော်သြဝါဒါစရိယ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများသည် ဆရာတော် သံဃာတော်များထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အနုမောဒနာတရားချီးမြှင့်တော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆွမ်းသပိတ်ဖြင့်လောင်းလှူ

ထို့နောက် ရေစက်ချမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ့စိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး တီးကြားအဖွဲ့က မင်္ဂလာငွေခရာနှင့် အောင်စည်အောင်မောင်း သုံးကြိမ်တီးမှုတ်ပူဇော်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချ မင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား ဆွမ်းဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူကြစဉ်။ (သတင်းစဉ်)

ရေစက်ချမင်္ဂလာအခမ်းအနားအပြီးတွင် ဆွမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော် သြဝါဒဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအမှူးပြုသော ပင့်သံဃာတော် အပါး ၅၀၀ တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က ဦးဆောင်၍ ဆွမ်းဘောဇဉ် ချိုချဉ်အရသာအဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူကြသည်။

ထိုအချိန်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဓမ္မတေးများဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ပေးကြသည်။

လှူဖွယ်ပစ္စည်းများလောင်းလှူ

အလားတူ ဘုရားရင်ပြင်တော်နှင့် မြောက်ဘက်စောင်းတန်းတစ်လျှောက်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ စစ်ရေးချုပ်ရုံး၊ စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် အလှူရှင်များက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့က လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချမင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချ မင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် သီရိသုဓမ္မမဏိဇောတဓရ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ တီးကြားဦးသန်းလှက အလှူရှင်များကိုယ်စား အမျှပေးဝေပြီး ဆွမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ညို

ဆွမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် မင်းဓမ္မကုန်းတော်ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများနှင့် မင်းဓမ္မကုန်းတော်ပေါ်ရှိ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှု ကြည်ညိုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော် သံဃာတော်များအား ဆွမ်းဘောဇဉ် ချိုချဉ်အရသာအဖြာဖြာတို့ကို ဆွမ်းသပိတ်တော်များဖြင့် လောင်းလှူစဉ်။ (သတင်းစဉ်)



ပဲခူးသာမဏေကျော် ဓမ္မပီမာန်ရေစက်ချအလှူပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၅

ပဲခူးမြို့ ဥသျှောင်မြို့သစ် သာမဏေကျော် ပရိယတ္တိစာသင်တိုက်အတွင်း စွန်ညီနောင် စွန်မင်းခေါက်ဆွဲမြို့စွမ်မိသားစုကမတည်ကာ စုပေါင်းကောင်းမှုဖြင့် တည်ဆောက်ပြီးစီးသော စွန်ညီနောင် စွန်မင်းသုံးထပ်ဓမ္မဗိမာန်တော်ကြီး ရေစက်ချအလှူပွဲကြီးကို ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက် (ဖေဖော်ဝါရီ ၁၂ ရက်) ပြည်ထောင်စုနေ့ နံနက် ၉ နာရီတွင် ပြုလုပ်မည်ဖြစ်ပါ၍ ကုသိုလ်ရှင်မိသားစုများ ကြွရောက်ရေစက်သွန်းချ အမျှပေးဝေနိုင်ကြစေရန် အကျိုးတော်ဆောင်အဖွဲ့က အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

အမေရိကန်တပ်ဖွဲ့ဝင်များအား လမ်းဘေးဗုံးများအန္တရာယ်အပေးဆုံးဖြစ် ကန်အခြေစိုက်စခန်းဂိတ်ဝ၌ ဗုံးပေါက်ကွဲမည့်ဘေးမှ သီသီလေးလွတ်

တီကရစ် ဖေဖော်ဝါရီ ၄

လမ်းဘေးဗုံးပေါက်ကွဲပြီး သေဆုံးခဲ့ရသော တပ်ဖွဲ့ဝင်သုံးဦးအတွက် ဝတ်ပြုဆုတောင်းပွဲလုပ်ခဲ့ပြီးနောက် အခြေစိုက်စခန်းသို့ ပြန်လာကြသော အမေရိကန်တပ်ဖွဲ့ဝင်များသည် အခြေစိုက်စခန်းဂိတ်ဝအပြင်ဘက်အရောက်၌ နောက်ထပ်သေဆုံးသူများဖြစ်ရမည့် အခြေအနေနီးပါးဖြစ်သွားခဲ့သည်။

ဝတ်ပြု ဆုတောင်းပွဲမှ နေ၍ တပ်ဖွဲ့ဝင်များ ထွက်ခွာသွားချိန်တွင် အမှတ် (၄)ခြေမြန်တပ်မရှိ အစောင့်မျှော်စင်မှ တပ်ဖွဲ့ဝင်များက အီရတ်တစ်ဦးချုပုတ်များ၌ တစ်စုံတစ်ရာ ထည့်ထားလိုက်သည်ကို တွေ့လိုက်ရသည်။ အမှန်တကယ်မှု ဖောက်ခွဲရန် အကွက်ဆင်ခြင်းသာဖြစ်သည်။

ယခုအချိန်၌ ဗုံးကိုစနက်တံဖြုတ်နိုင်ခဲ့ပြီး စစ်ယာဉ်တန်းမှာ စခန်းကို ဘေးကင်းစွာ ပြန်လာနိုင်ခဲ့သည်။

အလွန်အမင်း သေစေနိုင်သော ပေါက်ကွဲမှုကြီးဖြစ်မည်ဟု ယာဉ်တန်းနှင့်အတူပါရှိသည့် ဒုတိယဗိုလ်မှူးကြီး စတီဗင်ရပ်ဆဲလ်က ပြောဆိုသည်။

လမ်းဘေးထောင်ဗုံးများသည် အီရတ်တွင်ရှိသော အမေရိကန် တပ်ဖွဲ့ဝင်များကို အန္တရာယ်အပေးဆုံး ဖောက်ခွဲရေးဗုံးပစ္စည်း တစ်ခုဖြစ်သည်။ ဇန်နဝါရီလထဲ၌ အဆိုပါ လမ်းဘေးထောင်ဗုံးများကြောင့် အမေရိကန် တပ်ဖွဲ့ဝင်၂၃ ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဌာနချုပ်အရ သိရသည်။

လမ်းဘေးထောင်ဗုံး အချို့သည် အချိန်မှတ်ကိရိယာ သို့မဟုတ် ဝါယာဖြင့် ဖောက်ခွဲသည့်ဗုံးများ ဖြစ်သည်။ **(အင်တာနက်)**

ရှာဖွေစစ်ဆေး

ဖေဖော်ဝါရီ ၄ ရက်က ဘဂ္ဂဒက်မြို့ စစ်ဆေးရေးစခန်းတစ်ခု၌ အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်တစ်ဦးကို ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စီအိုင်အေဝန်ထမ်းများ အကျဉ်းအကျပ်ထဲရောက်နေ

ဝါရှင်တန် ဖေဖော်ဝါရီ ၄

အမေရိကန် ထောက်လှမ်းရေးအဖွဲ့အစည်းအတွင်း မှားယွင်းမှုရှိ မရှိဆိုသော ကိစ္စသည် ယခုလတ်တလော ဝါရှင်တန်၌ အရေးပါဆုံးဖြစ်ရပ်ဖြစ်သည်။

အီရတ်စစ်ပွဲမတိုင်မီ ရရှိခဲ့သော ထောက်လှမ်းရေး အချက်အလက်များ၏ ခိုင်မာမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်မည်ဖြစ်ရာ အဆိုပါစစ်ဆေးမှုမှ ထွက်ပေါ်လာသော ရလဒ်သည် အနာဂတ် ထောက်လှမ်းရေးအဖွဲ့ လုပ်ငန်းစဉ်အတွက် အရေးပါလာနိုင် ဖွယ်ရှိသည်။ စီအိုင်အေ ညွှန်ကြားရေးမှူးတီနက်က နိုင်ငံရေးပြဿနာထဲတွင် ထောက်လှမ်းရေးအဖွဲ့အစည်းများသည် ဖိအားပေးခံနေရကြောင်း ပြောကြားနေသော်လည်း ဝေဖန်မှုများ တိုးပွားလာသည်နှင့်အမျှ ဝန်ထမ်းများအနေဖြင့် အကျဉ်းအကျပ်အခြေအနေထဲသို့ရောက်ရှိနေသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အမေရိကန်တို့ကြောင့် ထိခိုက်သေဆုံးသော အီရတ်တို့၏ မိသားစုများ နစ်နာကြေးမရရှိဘဲ ကရုဏာကြေးသာ အနည်းငယ်ရရှိကြ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၄

အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး ထောက်လှမ်းရေးသတင်းဆိုင်ရာကိစ္စကို စုံစမ်းစစ်ဆေးမှု စတင်နေချိန်တွင် စစ်ပွဲကြောင့် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ဆက်လက်မြင့်တက်လာနေပြီး သေဆုံးသည့် အီရတ်ဦးရေသည်လည်း မြင့်တက်လာကြောင်း သိရသည်။ စစ်ပွဲကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ သေကျေပျက်စီးသူများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် အီရတ်လူမှုအဖွဲ့အစည်းတစ်ခုက နစ်နာမှုများအတွက် တောင်းဆိုပေးလျက်ရှိသည်။

သို့ရာတွင် အမေရိကန်တပ်ဖွဲ့၊ အီရတ်တပ်ဖွဲ့နှင့် အီရတ် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးတစ်ယောက်မျှ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုကြောင့် သေဆုံးသူဦးရေ မည်မျှရှိသည်ဆိုသည်ကိုမသိရှိကြကြောင်းသိရသည်။ စစ်ပွဲကာလအတွင်းမဟုတ်ဘဲ အဓိကတိုက်ပွဲပြီးဆုံးသွားပြီဟု သမ္မတဘုရှ်က ကြေညာခဲ့သော လွန်ခဲ့သည့် မေလ ၁ ရက် နောက်ပိုင်း အီရတ်အရပ်သားသေဆုံးခဲ့သူများ၏ မည်သို့မည်ပုံ သေဆုံးသည်ဆိုသည်ကို မွန်လာရူဇီကီက လိုက်လံစုံစမ်းခဲ့ကာ ထိုသူများနှင့် ကျန်ရစ်သူ မိသားစုဝင်များအတွက် အမေရိကန်တို့ထံမှ ငွေကြေးထောက်ပံ့မှုရရန် ကြိုးစားခဲ့ကြောင်းသိရသည်။

အီရတ်အဖွဲ့အစည်းက အရပ်သား သေဆုံးမှု၁၈၃မှုကို အမေရိကန်တို့ထံ နစ်နာကြေး တင်ပြတောင်းခံခဲ့ရာ ၁၇၁ ခုကို အဖွဲ့ထံ ပြန်လည်ပေးပို့ခဲ့ပြီး ဖိုင်အများစုသည် ဖတ်ရှုထားသော အမှတ်အသား ပါရှိခြင်းမရှိကြောင်းနှင့် ၁၂ မှုကို ဆက်လက်စဉ်းစားနေဆဲအဆင့်မှာပင် ရှိသေးကြောင်း သိရသည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် ထိခိုက်သေဆုံးသူများ၏ မိသားစုဝင်များထံ ပြန်လည်လာရောက်မေးမြန်းခြင်း၊ ပစ်ခတ်မှုကြောင့် ကျည်ဆန်ပေါက်များကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သေဆုံးသူတစ်ဦးအတွက် အသက်ကြေးငွေလာ ၂၅၀၀သာ သတ်မှတ်ထားပြီး တောင်းခံလာသူများကို လည်း စစ်ပွဲနှင့်ပတ်သက်သည့် ဖြစ်ရပ်များဆိုကာ ငြင်းဆိုခဲ့ကြောင်း သိရသည်။ တရားဥပဒေအရ ဖြစ်စေရန် စစ်ဘက်ဆိုင်ရာရှေ့နေများနှင့် တွေ့ဆုံပါဟု အမေရိကန် စစ်ဘက်က ပြောကြားလျက်ရှိသော်လည်း အီရတ် မိသားစုအများစုသည် သနားကရုဏာထားမှုကို ရရှိခြင်းမရှိကြောင်း၊ မိသားစုများ ပြိုကွဲခဲ့ရသကဲ့သို့ ကျန်ရစ်သူများ၏ ဘဝများသည်လည်းပျက်စီးနေကြောင်း သိရသည်။

(စီအင်န်အင်န်)

ဖျက်အားပြင်းလက်နက်များ အီရတ်၌မရှိဟုဆို

လန်ဒန် ဖေဖော်ဝါရီ ၁

အီရတ်တွင် လူအစုအပြုံလိုက်သေစေသည့် ဖျက်အားပြင်းလက်နက်များ (ဒဗလျူအမ်ဒီ) မရှိကြောင်းကို လွန်ခဲ့သည့် မေလဆန်းပိုင်းကပင် ထိပ်တန်း အမေရိကန်အရာရှိများက ကောက်ချက်ချကြကြောင်းဖြင့် အော့ဗ်ဇားဗား သတင်းစာက လေ့လာသိရှိသည်။

အမေရိကန်သမ္မတဘုရှ်၏ ထိပ်တန်း အစိုးရအရာရှိများနှင့် ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲတို့က ဒဗလျူအမ်ဒီများ အီရတ်ကရှိနေသည်ဟူသော အယူအဆကိုဆွဲကိုင်ထားကြသော်လည်း ဘဂ္ဂဒက်မြို့တော်ကျသွားပြီး ရက်သတ္တသုံးပတ်အတွင်းမှာပင် အီရတ်နိုင်ငံ၌ အဆိုပါ အဖျက်စွမ်းအားမြင့်မားသော ဒဗလျူအမ်ဒီလက်နက်များမရှိကြောင်းကို သိကြသည်ဟု ထောက်လှမ်းရေး သတင်းရပ်ကွက်၊ မူဝါဒချမှတ်သူများနှင့် အဆိုပါ လက်နက်ရှာဖွေမှုနှင့် အကျွမ်းတဝင်ရှိသည့် လက်နက်ရှာဖွေစစ်ဆေးသူများက အော့ဗ်ဇားဗားသို့ ပြောကြားသည်။ **(အင်တာနက်)**

စစ်ပွဲစချိန်မှ အီရတ်၌သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၅၂၈ဦးထိရှိပြီ

ဝါရှင်တန် ဖေဖော်ဝါရီ ၄

အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် စစ်ပွဲစတင်ခဲ့သည်မှ ဖေဖော်ဝါရီ ၄ရက် ဗုဒ္ဓဟူးနေ့ရောက်ချိန်တွင် ၅၂၈ဦးရှိသည်။ ယင်းအနက် ၃၆၈ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၆၀ မှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးသည်။

မေ ၁ရက်၌ စစ်ပွဲပြီးဆုံးခဲ့ချိန်မှစပြီးသေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၃၉၀ ဖြစ်ပြီး တိုက်ပွဲ၌ ၂၅၃ဦးနှင့် တိုက်ပွဲမဟုတ်ဘဲ ၁၃၇ဦး သေဆုံးသည်။

စစ်ပွဲစသည်မှတိုက်ပွဲ၌ ဒဏ်ရာရသူဦးရေမှာ ၂၅၉၆ဦးဖြစ်၍ တိုက်ပွဲ၌ မဟုတ်ဘဲဒဏ်ရာရသူဦးရေမှာ ၄၀၃ဦးဖြစ်သည်။ **(အင်တာနက်)**

ကင်းလှည့်

ဖေဖော်ဝါရီ ၄ ရက်ညက တီကရစ်မြို့တွင် လုံခြုံရေး ကင်းလှည့် ဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ဂျွန်ကယ်ရီ ဘုရှ်ကို ထိုးနှက်အနိုင်ယူမည်ဟု သဘောဆန္ဒများက ပြောဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၅

ယနေ့အထွေထွေရွေးကောက်ပွဲ ကျင်းပလျှင် သမ္မတရီပတ်ဘလီကန်ဘုရှ်ကို ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက ထိုးနှက်အနိုင်ယူလိမ့်မည်ဟု ယူအက်စ်အေတူဒေး၊ စီအင်န်အင်န်၊ ဂေါလ်အပ် သဘောထားဆန္ဒကောက်ယူချက်များကို အင်္ဂါနေ့က ပြသထားသည်။

လွန်ခဲ့သည့် ကြာသပတေးနေ့မှ သောကြာနေ့ထိပြုလုပ်သော သဘောထားလေ့လာချက်တွင် မက်ဆက်ချူးဆက်ပြည်နယ်မှ ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီက ဘုရှ်ကို ၅၃၊ ၄၆ရာခိုင်နှုန်းဖြင့် ထိုးနှက်အနိုင်ယူမည်ဖြစ်သည်ကို တွေ့ရှိရသည်။

အခြား ဒီမိုကရက်တစ်သမ္မတလောင်းဖြစ်သူ မြောက်ကာရိုလိုင်းနား အထက်လွှတ်တော်အမတ် ဂျွန်အဒ်ဝပ်က ဘုရှ်ကို ၅၉၊ ၄၈ ရာခိုင်နှုန်းဖြင့် အနိုင်ယူမည်ဖြစ်သည်။ (အင်တာနက်)

အမေရိကန်နှင့်အပေါင်းပါတို့၏ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အမေရိကန်တို့မဆင်မခြင်ပစ်ခတ်မှုကြောင့် အီရတ်ပြည်သူများသေကျေဒဏ်ရာရ

၂၀၀၃ခုနှစ် မတ် ၂၀ ရက်မှစတင်ပြီး အမေရိကန်နှင့် အပေါင်းပါတပ်များက အီရတ်နိုင်ငံကို မတရားကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ အမေရိကန်နှင့်အပေါင်းပါ တပ်များက ယင်းတို့၏ ကျူးကျော်မှုကိုဆန့်ကျင်ဆန္ဒပြသည့် အီရတ်ပြည်သူများကိုလည်းကောင်း၊ အီရတ်တို့၏နေအိမ်များကို စီးနင်းတိုက်ခိုက်ရာတွင်လည်းကောင်း မဆင်မခြင် ပစ်ခတ်ခဲ့မှုများကြောင့် အီရတ်ပြည်သူအများအပြား သေကျေဒဏ်ရာရရှိခဲ့ကြသည်။

ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ဆန့်ကျင်ကန့်ကွက် ဆန္ဒပြသူ လူအုပ်အတွင်းသို့ မဆင်မခြင်ပစ်ခတ်သဖြင့် သေဆုံးဒဏ်ရာရရှိခဲ့ကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် အောက်တိုဘာ ၈ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြသူ အီရတ် လူအုပ်ကြီး အတွင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များက မဆင်မခြင် ပစ်ခတ်မှုကြောင့်အီရတ်အချို့ လဲကျသေဆုံးနေမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့၌ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြသူ လူအုပ်ကြီးအတွင်းသို့ အမေရိကန်တပ်ဖွဲ့ဝင်များက မဆင်မခြင်ပစ်ခတ်နေသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့၏မဆင်မခြင်ပစ်ခတ်မှုများကြောင့် အီရတ်ပြည်သူများသေဆုံးခဲ့ကြရမှု

ရက်စွဲ	နေရာ	ပစ်ခတ်ခံရမှုများ	သေဆုံးသူဦးရေ
၄-၄-၂၀၀၃	ဘဂ္ဂဒက်ရှိအမေရိကန်စစ်ဆေးရေးဂိတ်	အရပ်သားများ	၆
၇-၄-၂၀၀၃	ဘဂ္ဂဒက်အဝေးပြေးလမ်းမအမှတ်(၁)	အရပ်သားများ	၁၅
၁၁-၄-၂၀၀၃	ဘဂ္ဂဒက်ရှိအမေရိကန်စစ်ဆေးရေးဂိတ်	အရပ်သားများ	၃
၁၅-၄-၂၀၀၃	မိုဆူးလ်	အုပ်ချုပ်ရေးမှူးကိုဆန္ဒပြသူများ	၁၅
၁၆-၄-၂၀၀၃	မိုဆူးလ်	လူအုပ်	၄
၂၈-၄-၂၀၀၃	ဘဂ္ဂဒက်	ဆန္ဒပြသူများ	၁၅
၃၀-၄-၂၀၀၃	ဘဂ္ဂဒက်	ဆန္ဒပြသူများ	၃
၈-၆-၂၀၀၃	ဖော်လူဂျာ	မှားယွင်းပစ်ခတ်ခြင်း	၁
၁၈-၆-၂၀၀၃	ဘဂ္ဂဒက်	ဆန္ဒပြသူများ	၂
၂၇-၆-၂၀၀၃	ဘဂ္ဂဒက်	မှားယွင်းပစ်ခတ်ခြင်း	၁
၂၇-၇-၂၀၀၃	ကာဘာလာ	ဆန္ဒပြသူများ	၂
၈-၈-၂၀၀၃	ဘဂ္ဂဒက်ရှိအမေရိကန်စစ်ဆေးရေးဂိတ်	အရပ်သားများ	၆
၁၆-၈-၂၀၀၃	ဘာဆာရာ	ရေလုပ်သားများ	၂
၆-၉-၂၀၀၃	အီရတ်တောင်ပိုင်းပိုလန်စစ်ဆေးရေးဂိတ်	မိနီဘတ်စ်	၁
၁၃-၉-၂၀၀၃	နာဆီရီယာ	ဆန္ဒပြသူများ	၁၂
၂၀-၁၀-၂၀၀၃	ဖော်လူဂျာ	ထရပ်ကားယာဉ်မောင်း	၂
၂၇-၁၀-၂၀၀၃	ဖော်လူဂျာ	ထရပ်ကားများ	၆
၂-၁၁-၂၀၀၃	ဘာလတ်မြို့အနီး	ထရပ်ကားများ	၆
၁၁-၁၁-၂၀၀၃	ဖော်လူဂျာမြို့ဝင်ဂိတ်	ကြက်ခြင်းတင်ကား	၅
၁၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	ဈေးဆိုင်ပိုင်ရှင်များ	၃
၁၅-၁၂-၂၀၀၃	ရာမာဒီ	ဆန္ဒပြသူများ	၂
		စုစုပေါင်း	၁၁၂

အမေရိကန်တို့ပစ်ခတ်မှု အီရတ်တစ်ဦးဒဏ်ရာရ

၂၀၀၃ခုနှစ် စက်တင်ဘာ ၃၀ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက် မြောက်ဘက် မိုင် ၂၀၀ အကွာ အီဘယ်မြို့ရှိ ဆေးရုံတစ်ရုံ၌ အမေရိကန်တို့ မဆင်မခြင်ပစ်ခတ်၍ အီရတ်တစ်ဦး ဒဏ်ရာရကာ ဆေးကုသမှု ခံယူနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
အသားတင်စိုက်ပျိုးမြေဧက	၃.၆သိန်းကျော်	၅.၆သိန်းကျော်
ဆည်တမံ	၃	၆
ရေလွှဲဆည်	–	၄ ခု
မြစ်ရေတင်စီမံကိန်း	–	၂ ခု
ပညာရေး		
တက္ကသိုလ်/ ကောလိပ်	၁	၆
အခြေခံပညာကျောင်းများ	၁၁၇၈	၁၃၀၉
ပြန်ကြားရေး		
မြန်မာ့အလင်း၊ကြေးမုံ		
ကိုယ်ပွားသတင်းစာတိုက်	–	၁
ပြန်/ဆက်ရုံး		၂၀
စာကြည့်တိုက်	–	၂၀
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	၂	၁၈

သစ်ခက်ရေလွှဲဆည်

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် နိုင်ငံတော်က တည်ဆောက်ထားသည့် ကန်တော်ယန် သစ်ခက်ရေလွှဲဆည်မှ ရေပေးမြောင်းများဖြင့် လယ်ယာမြေဧက ၁၂၀၀၀ အထိ တိုးချဲ့ရေပေးဝေလျက်ရှိသည်ကို ဤသို့ ဝေဟင်မှ တွေ့ရသည်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ	၁၉၈၈	၂၀၀၄
ကျန်းမာရေး		
ဆေးရုံ	၁၄	၁၈
ခုတင်(၃၀၀)	–	၁
ခုတင်(၂၀၀)	–	၁
ခုတင်(၅၀)	၅	၆
ခုတင်(၂၅)	၁	၂
ခုတင်(၁၆)	၇	၈
တိုက်နယ်ဆေးရုံ	၁၇	၂၀
ကျေးလက်ကျန်းမာရေးဌာန	၃၅	၅၈
ကျေးလက်ကျန်းမာရေးဌာနခွဲ	၁၈၂	၂၀၆
လမ်းပန်းဆက်သွယ်ရေး		
လမ်းမိုင်	၂၁၅၄	၂၆၈၆
တံတား	၂	၈
ဆက်သွယ်ရေး		
စာတိုက်	၆၄	၇၃
ကြေးနန်းရုံး	၂၀	၂၈
တယ်လီဖုန်းအိတ်ချိန်း	၁၂	၃၈
ကျေးလက်ဆက်သွယ်ရေးစခန်း	–	၁၂
ဂြိုလ်တုစခန်း	–	၅
မိုက္ကရိုဝေ့ဖ်	–	၁၃
လျှပ်စစ်ဓာတ်အား		
ရေအားလျှပ်စစ်	–	၄

ကျိုန်ခရမ်ခ ဓာတ်အားပေးစက်ရုံ

မြစ်ကြီးနားမြို့ရှိ ကျိုန်ခရမ်ခ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံသည် ၂၅ ကီလိုဝပ် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပြီး မြစ်ကြီးနားတစ်မြို့လုံးသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ပေးလျက်ရှိသည်။

ဗန်းမော်နည်းပညာကောလိပ်

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ဗန်းမော် နည်းပညာကောလိပ် ပင်မသုံးထပ်ဆောင်နှင့် ဝဲ–ယာနှစ်ထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။



စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

စည်ပင်ဖွံ့ဖြိုးဝေစည်လာသော နယ်စပ်ဒေသ

စိန်ရွှေလှိုင်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်၏ ဒေသတစ်ခုနှင့်တစ်ခု ဆူကြဲနိမ့်မြင့်ကွာဟချက် နည်းနိုင်သမျှနည်းစေရန် နယ်စပ် ဒေသများတွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ပေးနိုင်ရန် ဖွဲ့စည်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ

“ပြောမယုံ၊ မျက်မြင်ကိုယ်တွေ့ကြုံရမှယုံ”ဆိုသကဲ့သို့ စာရေးသူ နယ်စပ်ဒေသများသို့ ရောက်ရှိပြီး ထိုဒေသများ အံ့မခန်း ဖွံ့ဖြိုးတိုးတက် စည်ပင်နေသည်ကို တွေ့မြင်ရသောအခါ တအံ့တသြဖြစ်မိသည်။

လားရှိုးမြို့က ဝင်လိုက် ကျိုင်းတုံမြို့က ထွက်လိုက်၊ ကျိုင်းတုံမြို့ကဝင်လိုက် လားရှိုးမြို့က ထွက်လိုက်နှင့် အခေါက်ခေါက်အခါခါ ရောက်ခဲ့သော ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသများ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ ကျောင်းသားကျောင်းသူများ ဒေသအတွင်း၌ပင် အဆင့်မြင့်ပညာများ သင်ယူနိုင်ရန်အတွက် တည်ဆောက်ထားသည့် ကျိုင်းတုံဒီဂရီကောလိပ် အဆောက်အအုံသစ်ကိုတွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေသော နယ်မြေအကျယ်အဝန်းနှင့် လူဦးရေ

ပြည်နယ်	–	၇ ခု
တိုင်း	–	၂ တိုင်း
ဒေသ	–	၁၈ ခု
မြို့နယ်	–	၆၈ မြို့နယ်
ဧရိယာအကျယ်အဝန်းစတုရန်းမိုင်		၈၃၄၁၅.၃၄ မိုင်
နေထိုင်သောလူဦးရေ		၅.၃ သန်းကျော်

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားသော လမ်းတံတားများ

မြေသားလမ်း	၂၇၉၃ မိုင်ကျော်
ကျောက်လမ်း	၁၆၄၀ မိုင်ကျော်
ကတ္တရာလမ်း	၃၀၆ မိုင်ကျော်
ပြုပြင်ထိန်းသိမ်းသည့်လမ်း	၂၉၇၁ မိုင်ကျော်
တံတားကြီး	၄၂ စင်း
တံတားငယ်	၆၅၉ စင်း
ကြိုးတံတား	၁၆ စင်း

ဆိုလျှင် တစ်နှစ်ထက်တစ်နှစ် တစ်ခေါက်ထက်တစ်ခေါက် အမြင်ဆန်းပြီး အံ့မခန်းပင် တိုးတက်နေသည်။ နယ်စပ်ဒေသမြို့များသည် နိုင်ငံတကာ မြို့ပြများနှင့် မခြားဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်ကို လွှဲပြောင်းတာဝန်ယူ ဦးဆောင်ခဲ့ရပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၁၇)ဖွဲ့နှင့် ငြိမ်းချမ်းရေးရယူခဲ့ကြသည်။ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသော

တိုင်းရင်းသားခေါင်းဆောင်များသည် ယနေ့ကာလတွင် ဒေသအတွင်းနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့သောနယ်စပ် ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး၊ အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်ဒေသမှ မိုင်းလားမြို့၏ ခမ်းနားထည်ဝါသော ဖွံ့ဖြိုးတိုးတက်မှု တစ်စိတ်တစ်ဒေသကို တွေ့ရစဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၁၉၈၉ခုနှစ် မေလ ၂၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) ဥက္ကဋ္ဌအဖြစ်ပါဝင်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ၁၉၈၉ခုနှစ် မေလ ၃၁ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ကောင်းကောင်း၊ ထက်ထက်မြက်မြက်၊ သွက်သွက်လက်လက် ထိထိရောက်ရောက် ပိုမိုအကောင်အထည်ဖော်နိုင်ရန်နှင့် မြို့ပြနှင့် ကျေးလက် စည်ပင်သာယာရေးလုပ်ငန်း ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ၁၉၉၄ခု ဇန်နဝါရီလ

၃၀ ရက်တွင် နယ်စပ်ဒေသနှင့်
ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာ
နယ်စပ်ဒေသနှင့် တိုင်းရင်းသား
စည်ပင်သာယာရေးဝန်ကြီးဌာနကို အ
နောက်ကျကျန်ရစ်သော နယ်စပ်ဒေသမ
ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသမျာ
သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ကျန်း
လုပ်ငန်းများကို အလေးထား ဆောင်
ထိုသို့ ဆောင်ရွက်ပေးမှုကြောင့်



(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို

ဂုဏ်ပြုဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း

နယ်စပ်ဒေသများ

၂၀ ရက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို အသစ်ဖွဲ့စည်းပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်သော နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးမှုကြောင့် နယ်စပ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးတွင် တိုးတက်မြင့်မားလာသည်။ နယ်စပ်ဒေသ မြို့များသည် အံ့မခန်းမျှ ဖွံ့ဖြိုးစည်ပင် လာသည်။ မြို့ပြကြီးပမာ အဆောက်အအုံများ အပြိုင်အရိုင် တိုးတက်လာပြီး ကြယ်ငါးပွင့်အဆင့်ရှိဟိုတယ်၊ မိုတယ်ကြီးများပင် ပေါ်ထွန်းလာသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ (၄)မိုင်းလားမြို့သည် တစ်ချိန်က ရေနံ့ဆီမီးမှိတ်တုတ်မှိတ်တုတ်ဖြင့် ဇနပုဒ် ဖြစ်ခဲ့သော်လည်း ယခုအခါ လျှပ်စစ်ရောင်စုံမီးများဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။ အထူးဒေသ(၂) 'ဝ'ဒေသ၏ ပန်ခမ်း(ခေါ်) ပန်ဆန်းမြို့သည် တစ်ချိန်က အိမ်ခြေအနည်းငယ်မျှဖြင့် ရွာအဆင့်သာ ရှိခဲ့ရာက ယခုအခါ မိုးထိလုဘနန်း တိုက်တာအဆောက်အအုံများဖြင့် ကမ္ဘာ့မြို့ကြီးများကို စိန်ခေါ်နေသကဲ့သို့ ရှိသည်။ မြေစိုက်တဲကလေးများဖြင့် ရွာဟုသာ ခေါ်ဆိုခဲ့သော နမ့်တစ်သည် ယခုအခါ တရုတ်ပြည်နှင့် နယ်ချင်းဆက်စပ်နေသည့် နယ်စပ်မြို့ကြီးဖြစ်နေသည်။ စည်ပင်ဖွံ့ဖြိုးတိုးတက်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားနယ်မြေတွင် ရွှေဝါဝင်းနေသည့် စပါးစိုက်ခင်းများကို ဤသို့ တစ်မျှော်တစ်ခေါ်တွေ့ရသည်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

နေသော ကိုးကန့်ဒေသရှိ ချင်းရွှေဟော်နှင့် လောက်ကိုင်မြို့များသည် နယ်စပ်က မြို့ကြီးများဟုပင် ဆိုရမည်ဖြစ်သည်။ ထိုင်းနယ်စပ်က တာချီလိတ်မြို့သည် ရွှေတြိဂံ၏ မြို့တော် ဖြစ်လာပြီး တိုင်းမြို့များနှင့်မခြား စည်ပင်ဖွံ့ဖြိုးလာသည်။

ပြည်ထောင်စု တိုင်းရင်းသားများ၏ ဘူမိနက်သန် အောင်မြေဖြစ်သော ပင်လုံဒေသသည်လည်း ခေတ်အဆက်ဆက် အိပ်မက်ပင်မမက်ခဲ့ဖူးသော ပင်လုံတက္ကသိုလ်ကြီးပေါ်ထွန်းခဲ့သည်။ ပင်လုံတက္ကသိုလ်နည်းတူ အစိုးရ ကွန်ပျူတာကောလိပ် (ပင်လုံ)၊ အစိုးရနည်းပညာကောလိပ် (ပင်လုံ) တို့လည်း ပေါ်ထွန်းခဲ့သည်။ ထို့အပြင် လှိုင်လင် ခုတင် (၂၀၀)အထူးကု ဆေးရုံ၊ ပင်လုံဒီဂျစ်တယ်အော်တိုအိတ်ချိန်းများပေါ်ထွန်းလာခဲ့သည်။

ပြည်ထောင်စု စိတ်ဓာတ်မွေးဖွားရှင်သန်ရာ တိုင်းရင်းသား ပြည်သူများ၏ နှလုံးသားပမာဖြစ်သော ပင်လုံဒေသကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှိ တာချီလိတ်လေဆိပ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ပင်လုံတက္ကသိုလ်ကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။ ပထမနှစ်သင်တန်းကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ လွိုင်လင်ခရိုင် ၁၁မြို့နယ်နှင့် မြို့နယ်ခွဲသုံးခုတို့မှ ကျောင်းသူ ကျောင်းသားများ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ ဥပဒေပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒစသည့် ဘာသာရပ် ၁၂ ခုသင်ကြားပို့ချလျက်ရှိသည်။

ပင်လုံတက္ကသိုလ်သည် ပင်လုံ-လဲချားအနီး နန်းကျင်ပူမြို့ဟောင်း မြောက်ဘက်တွင် တည်ရှိပြီး မြေဧရိယာ ၂၀၆ဧက ကျယ်ဝန်းသည်။ ကွန်ပျူတာကောလိပ်ကို ၂၀၀၂ ခုနှစ် ဇွန်လ ၁ ရက်က လည်းကောင်း၊ နည်းပညာကောလိပ်ကို ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁ရက်က လည်းကောင်း၊ ခုတင် ၂၀၀ အထူးကုဆေးရုံကို ၂၀၀၂ခုနှစ် မေလ ၂၇ရက်က လည်း ကောင်း စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။ တိုင်းရင်းသားများ၏ နှလုံးသား ပင်လုံဌာနေ ပြည်ထောင်စုအောင်မြေတွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူများသည် သွားရေးလာရေးက ဖြောင့်တန်းနေပြီး လူသားအရင်းအမြစ် မျိုးဆက်သစ်လူငယ်များသည် အိုးမကွာ၊ အိမ်မကွာ၊ မိဘရင်ခွင်တွင်နေထိုင်၍ အဆင့်မြင့်ပညာများကို ရယူသင်ကြားနိုင် နေပြီဖြစ်သည်။ အိပ်မက်ပင်မမက်ခဲ့သော အဆင့်မြင့်ပညာ သင်ကြားဆည်းပူးခွင့် ရရှိနေခြင်းသည် မည်သည့်ကာလနှင့်မျှ မတူသော ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်သည်။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်နယ်ခုနစ်ခု၊ တိုင်းနှစ်တိုင်း၊ ဒေသ ၁၈ခု၊ မြို့နယ် ၆၈မြို့နယ် ပါဝင်ကာ ဧရိယာအကျယ်အဝန်းခန့်မှန်းစတုရန်းမိုင်၈၃၄၁၅ ဒသမ ၃၄ကျယ်ဝန်းသည်။ လူဦးရေ ၅ဒသမ ၃သန်းကျော် နေထိုင်သော နယ်မြေဒေသများဖြစ်သည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးအကျုံးဝင်သော နယ်မြေများတွင် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁၅ရက်အထိ မြေသားလမ်း ၂၇၉၃မိုင်ကျော်၊ ကျောက်လမ်း ၁၆၄၀မိုင်ကျော်၊ ကတ္တရာလမ်း ၃၀၆မိုင်ကျော် ပြုပြင်ထိန်းသိမ်းသည့်လမ်း ၂၉၇၁မိုင်ကျော် ဖောက်လုပ်ပြီး တံတားကြီး ၄၂စင်း၊ တံတားငယ် ၆၅၉စင်း၊ ကြိုးတံတား ၁၆စင်း တည်ဆောက်ပေးခဲ့သည်။ လမ်းတံတားများအတွက် စုစုပေါင်း ငွေကျပ် ၂၇၁၉ ဒသမ၁၁သန်း အကုန်အကျခံ သုံးစွဲခဲ့သည်။ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကိုလည်း အားကြိုးမာန်တက်ဆောင်ရွက်ပေးခဲ့သည်။ သတ္တုရှာဖွေရေး၊ သစ်တောပျိုးထောင်ရေး၊ စွမ်းအင်ရရှိရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားသဖွယ်ဖြစ်သော မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု ချုပ်ငြိမ်းရေးအတွက် နိုင်ငံတော်အစိုးရသည် ၁၅နှစ် စီမံကိန်းချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်းအပါအဝင် နယ်စပ်ဒေသ များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော် အစိုးရက အရှိန် အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်အထိ ငွေကျပ် သန်းပေါင်း ၄၉၇၀၁ ဒသမ ၁၃ကျော် သုံးစွဲရင်းနှီးမြှုပ်နှံခဲ့သည်။

ထိုသို့ ဆောင်ရွက်မှုများကြောင့်လည်း နယ်စပ်ဒေသများသည် မိုးထိအဆောက်အအုံများ၊ ခေတ်မီဆက်သွယ်ရေး ကိရိယာများဖြင့် ဖွံ့ဖြိုးဝေစည်လျက်ရှိပြီး မည်သည့်ခေတ်ကာလနှင့်မျှမတူ ဖွံ့ဖြိုးတိုးတက်စည်ပင်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီ ဖြစ်ပါသည်။

အဆိုပါဒေသများသည် တစ်ချိန်က ငြိမ်းချမ်းမှုနှင့် ကင်းဝေးပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။ ယနေ့ကာလတွင် တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသော တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းမှု၊ တိုင်းရင်းသားပြည်သူတို့၏ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုတို့ကြောင့် နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်ပါသတည်း။ ။

စိုက်ခင်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ဒေသတွင် ဘိန်းအစားထိုးပျားလိမ္မော်နှင့် လိုင်ချီးစိုက်ခင်းများကို တွေ့ရစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် ဖေဖော်ဝါရီ ၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဒေါက်တာ ဦးစိုးနောင်	ပါမောက္ခချုပ် အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန။
(ခ) ဒေါက်တာ ဦးမြတ်မိုး	ပါမောက္ခချုပ် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန။

(သတင်းစဉ်)

ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

တနင်္သာရီတိုင်း ထားဝယ်ဒေသ သရက်ချောင်းမြို့နယ် တီတွတ်ပြင်ရွာ နတ်အိမ်မော်ကျောင်း ဗုဒ္ဓတစ်ထောင် ပထမအကြိမ် ဗုဒ္ဓ ပူဇနီယပွဲတော်ကို (တပို့တွဲလဆန်း ၁၀ ရက်) ဇန်နဝါရီ ၃၁ ရက်တွင် အဆိုပါ နတ်အိမ်မော်ကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ပင့်သံဃာတော် အရှင်မြတ်များက ပထမအသုတ် တည်ထားပြီးစီးသည့် ဗုဒ္ဓရုပ်ပွားတော်အဆူ ၄၀၀ကို ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူပြီး မဟာပဋ္ဌာန်း ဒေသနာတော်မြတ်ကို အသံမစဲရွတ်ဖတ်တော်မူကြသည်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ဖေဖော်ဝါရီ ၅ ရက်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယ ပွဲတော်ရေစက်ချ မင်္ဂလာအခမ်းအနားတွင်ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄

အချိန် - နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

ဖေဖော်ဝါရီ ၅ ရက်က ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ရေစက်ချ မင်္ဂလာအခမ်းအနားတွင် ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

မီးရထားအငြိမ်းစားများအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာ့မီးရထားအငြိမ်းစား များအသင်း၏ နှစ်ပတ်လည်အထူးအစည်းအဝေးကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့မီးရထားရုံးချုပ် မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမင်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊အငြိမ်းစားအသင်းမှ နာယကကြီးများ၊အမှုဆောင်များနှင့် အသင်းဝင်များတက်ရောက်ကြသည်။

ဒုတိယဝန်ကြီးသူရဦးသောင်းလွင်က အသင်းဝင်များအား နှုတ်ဆက်စကားပြောကြားပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး မင်းဆွေက အသင်းရန်ပုံငွေအတွက် အလှူငွေကျပ်နှစ်ဆယ့်ငါးသိန်း**(အောက်ပုံ)**၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ကျပ်ငါးသောင်းနှင့် ဒုတိယအင်ဂျင်နီယာချုပ်(ငြိမ်း) ဦးသန်းမြင့်က ဆေးကုသမှုအတွက် ငွေကျပ်နှစ်သိန်း၊ ခွဲစိတ်ကုသမှုအတွက် နှစ်သိန်းနှင့် ပညာရည်ချွန်ဆုအတွက် ငွေကျပ်တစ်သိန်းလှူဒါန်းကြသည်။

(က-ပ)

အကောင်းဆုံးအားကစားသမားဆုရွေးချယ်ရေးစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ အစီအမံဖြင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်က ကြီးမှူးရွေးချယ်မည့် အကောင်းဆုံးအားကစားသမားဆု (အမျိုးသား၊အမျိုးသမီး) ၂၀၀၃ခုနှစ်အတွက်ရွေးချယ်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းရှိ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်ရုံးခန်း၌ကျင်းပရာ အဖွဲ့ချုပ်နာယက ဦးခင်မောင်ထွေး (ခင်မောင်ထွေး-ပျဉ်းမနား)၊ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအတွက်
(၈-၂-၂၀၀၄)ရက်နေ့
နှင့်
(၂၉-၂-၂၀၀၄)ရက်နေ့

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို

ပြည်ထောင်စုအားမာန်

* ရွှေကောက်နှံ ရွှေစပါးက
ရွှေသားအတိ ပေါပြည့်လျှံ။
တို့နိုင်ငံ သယံဇာတ
ကြွယ်ဝအမှန်။
ပတ္တမြား ကျောက်သံ
နိုင်ငံအနှံ့ ထွန်းလင်း။
မြရောင် စိမ်းရောင်နဲ့
ရွှေအရောင် နေရောင်အောက်မှာ
တောက်ပဘိခြင်း။

* ရွှေတောင်မှာ ငွေတောင်ဝန်းလို့
လှလွန်းသည့် ငါတို့မြေ။
လမ်းတံတားဆို တစ်ဆင့်ပြီးတစ်ဆင့်
ပန်းများလို တစ်ပွင့်ပြီးတစ်ပွင့်
ဖူးပွင့်ခဲ့ပေ။
ပြည်ထောင်စု သွေးချင်းဆွေ
ရွှေလက်တွေ ခိုင်ခိုင်တွဲ။
မြေပြန့်မှာ အတူပျော်လို့
တောင်ပေါ်မှာ အတူမွေ့
ရှေ့ဆက်မည်ပဲ။

* ရွှေနိုင်ငံ ရွှေပြည်သစ်ရဲ့
ရွှေခေတ်သို့ရောက်ပြီလေ ......။
ကချင် ကယား ကရင်ကွဲ့
အင်အားစုံ အလင်ပေါ့
ချင်းအပြင် ဗမာ မွန်နဲ့
အားသွန်ကာ ရခိုင် ရှမ်းတို့
ကြိုးပမ်းကာ အစဉ်မခွဲ
နွဲ့ကြစို့ဟေ။

* ကမ္ဘာတည်သရွေ့ မြန်မာ့မြေ
တည်ပစေ ထာဝရ။
ပြည်ထောင်စုစိတ်ဓာတ် အမွေ
ညီနောင်တွေ ဆက်ခံကြ။
မငြီးစရာ ပမာပြုရလျှင်ဖြင့်
"အသီးတစ်ရာ အညာတစ်ခု" ပေပေါ့
ပြည်ထောင်စု အားမာန်နှိုးလို့
ကြိုးလိုက်ပါကြ။ ။

မြင်းမူမောင်နိုင်မိုး



နိုင်ငံတော်ဝန်ကြီးချုပ် မန်ပန်နှင့်မုန်းဟင်မုန်းဟဒေသတိုင်းရင်းသားအဖွဲ့များအား လက်ခံတွေ့ဆုံ နိုင်ငံတော်ဦးဆောင်မှုခံယူ၍ဒေသဖွံ့ဖြိုးရေးတက်ညီလက်ညီပူးပေါင်းမည်ဖြစ်ကြောင်းတင်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဦးစိုင်းမွန်း ခေါင်းဆောင်သော မန်ပန်ဒေသ တိုင်းရင်းသားအဖွဲ့နှင့် ဦးလောမားခေါင်းဆောင်သော မုန်းဟင်မုန်းဟဒေသ တိုင်းရင်းသားအဖွဲ့များအား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ သတ္တုတွင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်နှင့်တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးမှ အရာရှိကြီးများ တက်ရောက်ကြသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးလောမားခေါင်းဆောင်သော မုန်းဟင်မုန်းဟဒေသ တိုင်းရင်းသား အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးစိုင်းမွန်းခေါင်းဆောင်သော မန်ပန်ဒေသတိုင်းရင်းသားအဖွဲ့ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် တိုင်းရင်းသား ခေါင်းဆောင်များက မိမိတို့အဖွဲ့များအနေဖြင့် နိုင်ငံတော်၏ဦးဆောင်မှုကိုခံယူ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တက်ညီလက်ညီပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်က ကူညီပံ့ပိုးပေးရေး တင်ပြဆွေးနွေးကြသည်။

(သတင်းစဉ်)

အသက်(၁၈)နှစ်အောက်ဘင်းမ်စတက်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်နှင့်ဘူတန်လူငယ်ပွဲစဉ်ရက်ရွှေ့

ရန်ကုန် ဖေဖော်ဝါရီ ၅

ပထမအကြိမ် အသက်(၁၈)နှစ်အောက်ဘင်းမ်စတက် (BIMST. EC) လူငယ်ဘောလုံးပြိုင်ပွဲ (ခခ) အုပ်စုပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၅ရက်တွင် မြန်မာလူငယ်အသင်းနှင့် ဘူတန်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားရန် ဖြစ်သော်လည်း နီပေါလူငယ်အသင်းပြိုင်ပွဲမှ နုတ်ထွက်သွားသဖြင့် ပြိုင်ပွဲရက် ရွှေ့ဆိုင်းလိုက်သည်။ မြန်မာလူငယ်အသင်းနှင့် ဘူတန်လူငယ်အသင်းတို့၏ ပွဲစဉ်ကို ဖေဖော်ဝါရီ ၆ရက် (ယနေ့)ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ထိုင်းနိုင်ငံ ဖူးကတ်မြို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၆-၂-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈:၀၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၁၀ ၈။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၂၀ ၉။ အဆိုပြိုင်ပွဲ
- ၈:၂၅ ၁၀။ ဘိုင်းဒါးရေလှောင်တမံ
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ English for Everyday Use
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၄:၅၀ ၁။ ၂၀၀၄ ခုနှစ်(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းပြည်ထောင်စုဒိုင်းအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ) (ရန်ကုန်တိုင်းနှင့်ကရင်ပြည်နယ်)
- ၁၆:၄၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၇:၁၀ ၃။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၂၀ ၄။ သာယာလှပ နမ့်တစ်ဒေသ
- ၁၇:၂၅ ၅။ (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ချီစစ်ရေးတေးသီချင်းပြိုင်ပွဲအကြောင်းသိကောင်းစရာ
- ၁၇:၄၅ ၆။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၅၅ ၇။ ကချင်ရိုးရာ ဝတ်စားဆင်ယင်မှု
- ၁၈:၀၀ ၈။ အနာကြီးရောဂါ ကင်းဝေးရေးဆွေးနွေးခန်း
- ၁၈:၁၅ ၉။ Discovery
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ Milo Success in Soccer
- ၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၁၄)
- ၁၉:၃၅ ၁၄။ ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ
- ၁၉:၄၅ ၁၅။ ပြည်ထောင်စု စိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ "မွန်ပြည်နယ်" (အပိုင်း-၁)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ရုပ်မြင်သံကြား ဇာတ်လမ်း **"မြေပြန့်တောင်ပေါ်ပင်လယ်တောင်တန်း"** (မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ) (ဒါရိုက်တာမျိုးအေး)
- ၂၀။ နောက်တစ်နေ့ အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

တောင်ပိုင်းခရိုင်စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ စစ်ဆေး နွေစပါးခင်းများစိုက်ပျိုးရေမပြတ်ရရှိရေးစနစ်တကျရေလွှတ်ပေးရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီး ထွန်းကြည်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၃ရက် မွန်းလွဲပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ ကျောက်တန်းနှင့်သုံးခွမြို့နယ်များသို့ သွားရောက်၍ စိုက်ပျိုးရေးနှင့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် မွန်းလွဲ၁နာရီတွင် သန်လျင်မြို့နယ် ရေကြောင်းပညာတက္ကသိုလ်နှင့် သီလဝါဆိပ်ကမ်း လမ်းဘေး ဇာမဏီရေလှောင်တမံ ဆည်ရေသောက်ဧရိယာ၌ နွေစပါး စိုက်ပျိုးဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဇာမဏီ ဆည်ရေသောက်ဧရိယာ အတွင်း နွေစပါးတိုးချဲ့စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက စိုက်ပျိုးထားရှိသည့် နွေစပါးခင်းများ စိုက်ပျိုးရေမပြတ်ရရှိရေး တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျ ရေလွှတ်ပေးရေး ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် သန်လျင်မြို့နယ် သီလဝါရေလှောင်တမံသို့ ရောက်ရှိပြီး သီလဝါရေလှောင်တမံ ဆည်ရေသောက် ဧရိယာရှိ နွေစပါးခင်းများအား သီလဝါရေလှောင်တမံမှ ရေများကို ဆိုင်ဖွန်နည်းဖြင့် ရေပေးသွင်းနေမှု၊ စိုက်ပျိုးပြီးနွေစပါးခင်းများတွင် ဒေသခံ တောင်သူလယ်သမားကြီးများမှ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စုပေါင်းကြဲပက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အလွမ်းဆွတ်ချောင်းပိတ်၍ နွေစပါးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာအနီး၌ ပဲတီစိမ်းပန်းတိုင် အထွက်နှုန်းရရှိရေး အထူးဇုန်ဧက၅၀၀၀၌ လယ်သမားကြီးဦးမြင့်သောင်း၏ လယ်မြေတွင် စံကွက်ရိတ်သိမ်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ထိုနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ နှင့်အဖွဲ့သည် ပဲတီစိမ်းပန်းတိုင်အထွက်နှုန်းရရှိရေးဧက ၅၀၀၀ အထူးဇုန်အတွင်း ပဲတီစိမ်းစိုက်ပျိုးနည်းစနစ်ယှဉ်ပြိုင်စမ်းသပ်ကွက်၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၊ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာ အမျိုးမျိုးအသုံးပြု ယှဉ်ပြိုင်စမ်းသပ်ကွက်၊ ပဲပုပ်မျိုးများယှဉ်ပြိုင် စမ်းသပ်ကွက်နှင့် နေကြာစမ်းသပ်စိုက်ပျိုးခင်းများကို ကြည့်ရှုအားပေးရာ ရန်ကုန်တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးအောင်ဆန်းက ပဲတီစိမ်း ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးနည်းစနစ်များနှင့် ပတ်သက်၍ အသေးစိတ်လိုက်လံရှင်းလင်းပြသသည်။



ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ပဲတီစိမ်း ယှဉ်ပြိုင်စမ်းသပ်မှုများမှ ရရှိလာသည့် အခြေအနေများပေါ်မူတည်၍ လာမည့် ပဲတီစိမ်းစိုက်ပျိုးရာသီတွင် ရန်ကုန်တိုင်းအတွင်း ပန်းတိုင်အထွက်နှုန်း ကျော်လွန်အောင် ဒေသခံတောင်သူလယ်သမားကြီးများအား စနစ်တကျစိုက်ပျိုးနိုင်ရေး ပညာပေးဆောင်ရွက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ နှင့်အဖွဲ့သည်ကျောက်တန်းမြို့နယ် တံတားမြို့သို့ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က တံတားမြို့၏ ရပ်ကွက်များ အခြေအနေ၊ စိုက်ပျိုးရေးနှင့် တံတားမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ တည်ဆောက်ပြီးစီးသည့် တံတားများအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့်ညှိနှိုင်းပြီး တံတားမြို့ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဒေသကြက်များမွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဒေသကြက်တိုးချဲ့မွေးမြူရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် တံတားမြို့ တိုက်နယ် ဆေးရုံသို့ ရောက်ရှိပြီး ခွဲစိတ်ဆောင်၊ လူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ သည် တံတားမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး သီရိရတနာခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။ **(အောက်ပုံ)**

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့် ဆွေက တံတားမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်အစိုးရက ဖြည့် ဆည်းဆောင်ရွက်ပေးထားမှု အခြေအနေများ၊ ဌာနဆိုင်ရာ တာဝန်ရှိ သူများကလည်း မိမိတို့ တာဝန်ကျရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

လက်ခံရယူ

ထို့နောက် တံတားမြို့ တိုက်နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်စိုက်ထူရန် အလှူငွေများပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ တိုက်နယ်ဆရာဝန် ဒေါက်တာဒေါ်မူမူမြင့်က လက်ခံရယူသည်။

ဆက်လက်၍ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၀သိန်းရှစ်သောင်းကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်တို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ နှင့်အဖွဲ့သည် တံတားမြို့တယ်လီဖုန်းအိတ်ချိန်းရုံးနှင့် စာတိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် တံတားမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းသို့ ဝင်ရောက်ပြီး တာဝန်ရှိသူများအား တရားဥပဒေစိုးမိုးရေး၊ မှုခင်းများ လျော့နည်းပပျောက်ရေးလုပ်ငန်းများကို ရဲကျင့်ဝတ်များနှင့်အညီ စေတနာထား အားကြိုးမာန်တက် ဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျက်နှာများတဲ့ကောင်းကင်မှ လွင်မိုး၊ အိန္ဒြာကျော်ဇင်။

မျက်နှာများတဲ့ကောင်းကင် ရုံသုံးရုံဝင် ပေါက်ပေါက်မြောက်မြောက် ရှေ့ဆောင်၌ပြသ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇန်နဝါရီ ၅

ငြိမ်းမင်း၏ဇာတ်ညွှန်းကိုဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူးသည့် **'မျက်နှာများတဲ့ ကောင်းကင်'**ဇာတ်ကား ယခုသောကြာပတ်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများ၌ ရုံဝင်လာသည်။

'မျက်နှာများတဲ့ ကောင်းကင်'တွင် ရန်အောင်၊ လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ကျော်စွာနှင့်စန္ဒီသည် ချစ်သူများဖြစ်ကြသည်။ သို့သော် ကျော်စွာသည် အလုပ်အကိုင်အတည်တကျမရှိသူဖြစ်သည်။ အချစ်ကို ငွေကြေးဖြင့် ဝယ်၍ မရနိုင်၊ အချစ်ကို မေတ္တာဖြင့်သာ ရယူနိုင်သည်ဟု ခံယူထားသူ စန္ဒီတစ်ယောက် ဦးမြတ်နိုးအောင်ကို လက်ထပ်လိုက်ရသည်။ ဤသို့ဖြင့် မျက်နှာများတဲ့ကောင်းကင် ဇာတ်လမ်းဖြစ်လာသည်။

ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးပြီး ရာဇာနေဝင်းနှစ်ကိုယ်ခွဲ၊ ဇာဂနာ၊ စိုးမြတ်နန္ဒာ၊ ဆုပန်ထွာတို့ ပါဝင်ထားသည့် **'ပေါက်ပေါက်မြောက်မြောက်'**ဇာတ်ကား ရှေ့ဆောင်ရုံတွင် ဆက်လက်ပြသနေသည်။

နေပြည်တော်ရုံတွင် ဟောင်ကောင် အက်ရှင် So Close ဇာတ်ကား ဆက်လက် အောင်ပွဲခံဆဲ ဖြစ်သည်။ ဘုရင့်ရုံတွင် သိန်းရုပ်ရှင်ဖြန့်ချိရေးမှ တင်သွင်းသည့် Tere Naam အိန္ဒိယ ဇာတ်ကားသစ် ရုံဝင်လာသည်။ ဆင်မန်းခန်း ခေါင်းဆောင် ပါဝင်ထားသော ဖြစ်ရပ်မှန်အချစ်ဇာတ်လမ်းတစ်ပုဒ်ကို Tere Naam အဖြစ် ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်သည်။

တန်းမြင့် မြို့မရုံတွင် Khiladi 420ဇာတ်ကား ရုံဝင်လာပြီး အက်ရှင်မင်းသား အက်ရှေကူးမာရ်နှင့်မင်းသမီး ချောင်ဒရီတို့ ခေါင်းဆောင် ပါဝင်ထားသည်။ အကြမ်းအရမ်း ဇာတ်ဝင်ခန်းများနှင့် သက်စွန့်ဆံဖျား၊ စွန့်စားခန်းများ ကြည့်ရှုလိုသူများအတွက် ဇာတ်ကားကောင်း တစ်ကားဖြစ်သည်။

ရွှေဂုန်ရုံတွင် စိုင်းစိုင်းခမ်းလှိုင်နှင့် ထွန်းအိန္ဒြာဗိုတို့ ခေါင်းဆောင်ပါဝင်ထားသော **'မျှော်လင့်ခြင်းကမ်းပါး'** ဇာတ်ကား ဆက်လက်ပြသနေသည်။ ။

(မြန်မာ့အလင်း)

ပေါက်ပေါက်မြောက်မြောက်မှ ရာဇာနေဝင်းနှင့်ဇာဂနာ။

So Close မှ ဇာတ်ဝင်ခန်းတစ်ခန်း။

6-2 (12).p65 1 3/24/05, 2:29 PM

မသိသူကျော်သွား သိသူချက်စား

မျိုးသာခင်

မောင်ကြာရိုးနဲ့ မကြာပွင့်တို့လင်မယား ဈေးထဲဈေးဝယ်သွားရာမှာ လူတွေတန်းစီဝယ်နေကြတာကြောင့် စူးစမ်းကြည့်တော့ ငါးရောင်းတဲ့ဒေါ်မှိုင်မှာ ပြုံးဖြီးဖြီးကြီးဖြစ်နေပြီး သူ့ငါးတွေကို လူတွေကအလကားရသလို ဆိုသမျှဈေးပေး အလုအယက် ဝယ်နေကြတာ တွေ့ရတယ်။ အရင်က သူ့ပြဿနာနဲ့သူတမှိုင်မှိုင်တတွေတွေ နေတတ်တဲ့ဒေါ်မှိုင်ကြီးဟာ အခုတော့ ဒေါ်လှိုင်ဖြစ်နေပေပြီကိုး။ ဈေးဝယ်သူတွေကို အထက်စီးကကြည့်နေတတ်တဲ့ ဒေါ်မှိုင်ဟာ တစ်ခါက မကြာပွင့်နဲ့စကားများဖူးတာကြောင့် မောင်ကြာရိုးက ကြည့်မရဘူး။

သူ့ငါးတော့ ဝယ်မစားဘူး၊ ကြက်သားပဲ ဝယ်စားမယ်ဆိုပြီး ကြက်သားဆိုင်ကို လှမ်းကြည့်တဲ့အခါ ကြက်သားသည် ဒေါ်ဖြိုးဟာ ခုတော့ မီးခိုးမှိုင်းတိုက်ထားတဲ့မျက်နှာနဲ့ ဒေါ်ငိုင်ဖြစ်နေသည်။ မောင်ကြာရိုးရဲ့ မျက်ဆံတို့မှာ မျက်လုံးအိမ်အတွင်း တစ်ဖက်က နာရီလက်တံသွားသလိုလို၊ ကျန်တစ်ဖက်က နာရီလက်တံ ပြောင်းပြန်လှည့်နေသလိုလို၊ တစ်ပတ်၊ နှစ်ပတ်၊ သုံးလေးပတ်လည်ပြီး ရပ်သွားချိန်မှာ အတည့်ပြန်မရောက်ဘဲ ထော်လော်ကန့်လန့် စောင်းသွားတဲ့အတွက် တွေ့သမျှ မြင်သမျှ ဇောက်ထိုးပြောင်းပြန်ဖြစ်ကုန်တယ်။ ကိုယ့်မျက်လုံးနှစ်ဖက်ကို အလျင်စလို ပြန်တည့်လိုက်ရတယ်။ ဒီအချိန်မှာ ဈေးခေါင်း ကိုခွေးပုဟာ ဒေါ်မှိုင်ဆိုင်က ခပ်မြူးမြူး ထွက်လာတာမြင်လို့ လက်မောင်းကို လှမ်းဆွဲပြီး စူးစမ်းလိုက်ရတယ်။

"ဘယ်လိုဖြစ်တာလဲလို့"

"ကြက်ဖလူးဗျ"

"ဆိတ်ဖလူးပဲ ကြားဖူးပါတယ်ဗျာ၊ ကျုပ်အိမ်မှာ ညတိုင်းမွေးနေတာလေ"

ကိုခွေးပုက အူကြောင်ကြောင်လှည့်ကြည့်ပြီး–

"ကြာရိုး–ကြာရိုးနဲ့ ကြာလေရိုးလေ၊ အရိုးလွန်တော့ အ–လေပါပဲလား။ အာရှနိုင်ငံတွေမှာ ကြက်တုပ်ကွေးဖြစ်လို့ ဘယ်သူမှ ကြက်သားမစားကြတော့ဘဲ ငါးစိမ်းတန်းမှာပဲတိုးနေကြတာ"

"ဗျာ၊ ကြက်တွေသူ့ဟာသူ တုပ်ကွေးဖြစ်တာ၊ အင်ဇာတို့ ဘာတို့ဆိုတဲ့ဆေးတွေရှိပါ့ဗျာ။ ကြက်တွေသူတို့ဟာ သူတို့ဝယ်သောက်ကြမှာပါ"

"ခင်ဗျားနော် အူသလိုလိုနဲ့ လူလည်မလုပ်နဲ့ အသားစားကြက်တွေက ဘယ်လိုလုပ်ဆေးဝယ်သောက်မှာလဲ၊ ဖယ်စမ်းပါဗျာ"

"ဒါနဲ့နေပါဦး၊ ကြက်ဥ၊ ဘဲဥဈေးကော ကျသွားသလား"

"မကျဘူးဗျ၊ခင်ဗျားဈေးနှုန်းတွေသိချင်ရင်ဆိုင်တွေလိုက်မေးဗျာ။ကျုပ်ရလာတဲ့ငါးတွေ မိန်းမဆီပြန်ပို့တာနောက်ကျနေရင် ခွေးပုတို့ ဘေးထုခံနေရဦးမယ်"

မြတ်စွာဘုရား၊ ကြက်သားဈေးထိုးကျသွားပေမယ့် ကြက်ဥဈေးတော့မကျဘူးဆိုပါလား။

"မကြာပွင့်ရေ၊ ဒီတစ်ခါ တို့အလှည့်ဟေ့၊ ကြက်သားဝယ်ရအောင်"

"ရှင်ကလဲကြည့်လုပ်ပါဦးတော့"

"လာစမ်းပါကွာ၊ ဟိုမှာ ဒေါ်ဖြိုးကြီးသနားစရာ"

ဒေါ်ဖြိုးဆိုင်ရောက်တော့ မျက်နှာလေးက အကင်းမှည့်ဩဇာသီးလို ညိုမည်းရှုံ့တွ ရင့်ထော်နေတာ တွေ့ရတယ်။

"ဒေါ်ဖြိုး ကြက်သား ငါးဆယ်သားပေးဗျာ"

"ရော့ယူပါတော်၊ ကိုယ့်ဖောက်သည်တွေပဲ။ မောင်မင်းကြီးသား ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ကြိုက်တတ်ရင် ဟောဒီတောင်ပံနဲ့ ခြေထောက်တစ်ပုံလုံးမှ တစ်ရာပဲပေး"

မောင်ကြာရိုးက တစ်ထောင်တန်တစ်ရွက်ထုတ်ပေးပြီး ပြန်အမ်းငွေကိုတောင် ရေတွက်ကြည့်မနေဘဲ ဒေါ်ဖြိုးပေးသမျှအိတ်ထဲပြန်ထည့်ပြီး ဟင်းရွက်တန်းဘက် လှည့်လာခဲ့တယ်။

"ဒီမှာရှင့် ကိုကြာရိုး၊ လူတကာက သေမှာကြောက်ပြီး ကြက်သားမစားတာ မသိဘူးလား၊ ရှင်ကလဲ ကိုခွေးပုပြောသလို အ,လှ၊ န,လှချည်လား"

"မင်းမသိပါဘူး အသာနေပါ၊ ဒီတစ်ခါ တို့အလှည့်ကွ"

"ဆိုစမ်းပါဦး တော့ဟာက ကျုပ်ဖြင့် မစားရဲပေါင်"

"တို့နိုင်ငံမှာ ကြက်ဖလူးလဲမဖြစ်၊ ငှက်ဖလူးလဲမဖြစ်၊ အေး–ဖြစ်တော့ရောငါမေးကြည့်ပြီးပြီ၊ တိရစ္ဆာန်ဆရာဝန်ကို ကြက်ဖလူးဖြစ်နေတဲ့ ကြက်တောင် ၅၆ ဒီဂရီစင်တီဂရိတ်ပြုတ်ရင် ဗိုင်းရပ်စ်ဟာ ငါးမိနစ်ပဲအသက်ရှင်တယ်တဲ့။ ၁၀၀ ဒီဂရီစင်တီဂရိတ်ချက်ရင် နှစ်မိနစ်ပဲအသက်ရှင်တယ်တဲ့"

"ကျုပ်တို့ချက်တာက အပူဒီဂရီမှ မတိုင်းတာဘဲ၊ ဘယ်လိုလုပ်ရှင့် စင်တီဂရိတ်တွေ သိမှာလဲ"

"မင်းဟင်းချက်တဲ့အခါ ပွက်ပွက်ဆူပြီး နူးနပ်နေအောင်မချက်ဘူးလား"

"ချက်တာပေါ့တော်၊ ကျုပ်တို့က အသားကို မကျက်တကျက်စားတတ်တဲ့ အမျိုးမှ မဟုတ်တာ"

"အေး–ဟင်းအိုးမှာ စပွက်တာနဲ့ ၁၀၀ ဒီဂရီပဲ၊ နှစ်မိနစ်ကြာရင် ဘာဗိုင်းရပ်စ်မှ မရှင်နိုင်တော့ဘူး၊ လူကိုလဲမကူးနိုင်တော့ဘူး၊ အသားနူးပြီး ဆီပြန်သွားလို့ကတော့ ဘုတ်ဆုံမနဲ့အုပ်လိုက်ရရင်––"

"ဘာလဲတော့၊ ဘယ်က ဘုတ်ဆုံမလဲ"

"ဟင်းမွှေးမဆလာလေကွာ"

"တော်ပြောနေတာတွေတကယ်လား"

"မသိသူကျော်သွား၊ သိသူချက်စားပေါ့ကွာ"တို့မြန်မာရဲ့ ချက်ပြုတ်စားသောက်မှုစတိုင်နဲ့ ဘာမှ မကူးနိုင်ဘူး၊ ပြီးတော့ တို့နိုင်ငံဟာ ကပ်ကြီးသုံးပါးကျော်နိုင်လွှားနိုင်တဲ့ နိုင်ငံကွ"

"ဟုတ်ပါ့တော်၊ နောက်ဆုံး စကားနဲ့တင် ယုံကြည်စိတ်ချသွားပြီ ကိုကြာရိုးရေ၊ နောက်ကို နေ့တိုင်း ရှင့်ကို ကြက်သားချက်ကျွေးဦးမှာ–"

"ကျွေး......"။

တာဝန်မှအနားယူခွင့်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၁/၂၀၀၄)

၁၃၆၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

တာဝန်မှအနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးကိုလေးအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်။

အမိန့်အရ

(ပုံ) **စိုးဝင်း**
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ စေတနာရှင်များက အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် Panda Hotel ပုလဲခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး၊ စစ်ဒေသမှူးများ၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၏ဇနီးများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာ အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး စေတနာရှင်များက အလှူငွေများကို ပေးအပ်ကြရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။ အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် စေတနာရှင်တို့က လှူဒါန်းငွေကျပ် စုစုပေါင်း ၈၅ သိန်းကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁ ရက်က ဗဟန်းမြို့နယ် အမှတ်(၅)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းတင်က တတိယတန်း ပညာရည်ချွန်ဆုရ မောင်ရဲမင်းထွင့်အား ဆုချီးမြှင့်စဉ်။ (က–ပ)

ညောင်ကန်ရွာအထကကျောင်းခွဲ တည်ဆောက်ရန် ကျပ် ၁၀ သိန်းလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၆) အင်းစိန်လမ်းမကြီး မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်နေ့(ဖေဖော်ဝါရီ ၄ ရက်) နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ညောင်ကန်ရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ တည်ဆောက်ရေးအတွက် မဟာဓမ္မကထိကဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တဣန္ဒကအားအမှူးထား၍ ပြည်တွင်းပြည်ပ တပည့်ဒါယကာ၊ ဒါယိကာမများက လှူဒါန်းသော အလှူတော်ငွေကျပ် ၁၀သိန်းကို ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကြည်က ကျောင်းဖြစ်မြောက်ရေးကော်မတီ အဖွဲ့ဝင် ဦးတင်ဆန်းအား ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(က–ပ)**

ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ ရှေ့ဝတီတိုင်း ဗိုလ်လုပွဲတက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၅

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ပထမအကြို ဗိုလ်လုပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီခွဲတွင် လှုိင်ယာကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ ရှေ့ဝတီတိုင်းအသင်းက မန္တလေးတိုင်းအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မန္တလေးတိုင်းအသင်းက ဦးဆောင်ဂိုး ရရှိခဲ့ရာ ပွဲချိန် ၄၁ မိနစ်တွင် ဝဏ္ဏဖေယျာလွင်က သွင်းယူပေးသည်။ ပထမပိုင်း အပြီးတွင် မန္တလေးတိုင်းအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ရှေ့ဝတီတိုင်းအသင်းအတွက် ချေပဂိုးကို ၈၅ မိနစ်တွင် စိုးစံက သွင်းယူသည်။ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံးသည်အထိ တစ်ဂိုးစီ သရေပွဲဖြစ်နေရာ အချိန်ပို ဆက်လက်ကစားခဲ့ရသည်။ရှေ့ဝတီတိုင်းအသင်းအတွက် အနိုင်ဂိုး (ရွှေဂိုး)ကို အချိန်ပို ပထမပိုင်း ၇ မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ရာဇာစိုးက သွင်းယူသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို မန္တလေးတိုင်းအသင်းမှ ဝဏ္ဏဖေယျာလွင်က ရရှိသည်။

ဒုတိယအကြိုဗိုလ်လုပွဲ

ဖေဖော်ဝါရီ ၆ ရက် (ယနေ့) ညနေ ၃ နာရီခွဲတွင် လှိုင်ယာကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း(အလွတ်တန်း)အမျိုးသားဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲတွင် ရှေ့ဝတီတိုင်း ထိုးဖောက်ဂိုးသွင်းမှုကို မန္တလေးတိုင်း ဂိုးသမား အောင်မျိုးနိုင် ကာကွယ်နေစဉ်။
(မြန်မာ့အလင်း)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ကျောက်တံတားမြို့နယ်၊ လှိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ် မီးသတ်စခန်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ စခန်းတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မီးဘေးကြိုတင် ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ အသင့်ရှိရေး၊ မီးသတ်စက်ယာဉ်များကြံ့ခိုင်ရေး၊လျှပ်စစ်ဓာတ်အားနှင့် မီးသတ်ယာဉ်များ စက်သုံးဆီသုံးစွဲမှု အခြေအနေများ၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နတ်တလင်းအသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

နတ်တလင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘသက်ကြီးများ ပူဇော်ပွဲ၊ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲနှင့် တက္ကသိုလ်၌ ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ နိုင်ငံတော်အဆင့် ပြိုင်ပွဲများ၌ ထူးချွန်ဆု ရရှိသူများ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့တံဆိပ်ရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲတို့ကို တစ်ပါတည်း ကျင်းပမည်ဖြစ်၍ ကာယကံရှင်များကိုယ်တိုင် လက်ခံကြရန်ဖြစ်သည်။

ဖိတ်ကြားလွှာများကို အသင်းဝင်များထံ ပေးပို့ပြီးဖြစ်ရာ မရရှိပါက ဖေဖော်ဝါရီ ၁၄ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဒေါ်ဝင်းကြည် (ပညာအလင်းပြ) ဖုန်း–၂၉၄၂၈၂ နှင့် အတွင်းရေးမှူး ဦးဝင်းအောင် ဖုန်း– ၆၆၃၀၄၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

MRTV-3 သည် World Wide အဆင့်သို့ ကျယ်ပြန့်စွာရောက်ရှိလာ
MRTV-3 ကို အပိုင်းနှစ်ပိုင်းခွဲ ထုတ်လွှင့်ရန် စီစဉ်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ရုပ်မြင်သံကြားလိုင်းအသစ် ထပ်မံတိုးချဲ့ထုတ်လွှင့်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ တက်ရောက်၍ အမှာစကား အသီးသီးပြောကြားကြသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီး မြင့်အောင်၊ ဝန်ကြီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ IT နည်းပညာဆိုင်ရာ လုပ်ငန်းရှင်များနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခု အစည်းအဝေးသည်ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ခရီးသွားလုပ်ငန်းတွင် အဓိကပါဝင်ဆောင်ရွက်နေကြသည့် ဟိုတယ်နှင့် ခရီးသွားလာရေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာ့ရုပ်မြင်သံကြားအနေဖြင့် **MRTV-3**အင်္ဂလိပ်ပိုင်းအစီအစဉ်နှင့် အင်တာနက် **Network** ၌လည်း ထည့်သွင်းထုတ်လွှင့်ပေးနေသည့်အတွက် ယခုအခါအာရှ၊ ဥရောပနှင့်အမေရိက တိုက်တို့ရှိ နိုင်ငံအများအပြားတွင် ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် **MRTV-3**သည် **World Wide** အဆင့်သို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိလာပြီ ဖြစ်ကြောင်း၊ **MRTV-3** ကို အပိုင်းနှစ်ပိုင်းခွဲ၍ ထုတ်လွှင့်ရန် စီစဉ်လျက်ရှိကြောင်း၊ ပထမတစ်ခုမှာ မြန်မာနိုင်ငံအပေါ် ကမ္ဘာက စိတ်ဝင်စားမှု ပိုမိုရရှိအောင် ဆွဲဆောင်နိုင်ရန်ဖြစ်ပြီး ဒုတိယအပိုင်းမှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်ခရီးသွားကြော်ငြာများထည့်သွင်းထုတ်လွှင့်ပေးရန်ဖြစ်ကြောင်း။ နိုင်မည်ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်က ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် လိုအပ်သည်များကို အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က ရုပ်မြင်သံကြား လိုင်းအသစ် အစီအစဉ်သည် မြန်မာ့ခရီးသွားလုပ်ငန်း၏ ရှိပြီးသား အရင်းအမြစ်တန်ဖိုးများကို နိုင်ငံခြားသားများသိရှိအောင် ဆောင်ရွက်ပေးမည့် အစီအစဉ်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ယခုရရှိမည့် အခွင့်အရေးကောင်းကို လက်လွှတ်မခံသင့်ကြောင်း၊ ခရီးသွားလာရေးလုပ်ငန်းသည် ပြန်ကြားရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မိမိဝန်ကြီးဌာနက ကျင်းပမည့် ဆလုံတိုင်းရင်းသားရိုးရာပွဲတော်သတင်းကို

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရုပ်မြင်သံကြားလိုင်းအသစ် ထပ်မံတိုးချဲ့ ထုတ်လွှင့်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လုပ်ငန်းရှင်များ၊ ပို့ဆောင်ရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ မီဒီယာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်း။

မီဒီယာနှင့် ခရီးသွားလာရေး လုပ်ငန်းသည် လုပ်ငန်းသဘောသဘာဝအရ အပြန်အလှန် ဆက်နွယ်အကျိုးပြုနေသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးအတွက် အလွန် အရေးပါသော လုပ်ငန်းတစ်ခု ဖြစ်ကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ကျသည့် ကဏ္ဍမှ ပါဝင်နေသကဲ့သို့ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းရှင်များအတွက်လည်း ဝင်ငွေကောင်းသည့် လုပ်ငန်းကြီး တစ်ခုပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားမည့် နေရာများ၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုအခြေအနေမှန်များကို ကမ္ဘာကသိရှိအောင် မြန်မာ့ရုပ်မြင်သံကြားမီဒီယာက ဆောင်ရွက်

ထို့အပြင် မြန်မာ့ရုပ်မြင်သံကြားအနေဖြင့် လိုင်းအသစ်တစ်ခုကိုလည်း ထပ်မံတိုးချဲ့ထုတ်လွှင့်သွားမည့် အစီအစဉ်များကို လုပ်ငန်းရှင်ကြီးများအား အသိပေးပြောကြားလိုကြောင်း၊ ၎င်းလိုင်းအသစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် ကဏ္ဍများတွင် ကဏ္ဍတစ်ခုစီအတွက် သီးသန့်ပညာပေးအစီအစဉ်များ ပိုမိုထုတ်လွှင့်နိုင်ရန်စီစဉ်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဖျော်ဖြေရေးကဏ္ဍကိုလည်း ထည့်သွင်း ထုတ်လွှင့်သွားမှာဖြစ်ပြီးယင်းကဏ္ဍတွင် မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ၊ နေ့စဉ်ထုတ်သတင်းစာများနှင့် ဂျာနယ်များကို ထုတ်လွှင့် ဖော်ပြပေးမည်ဖြစ်ကြောင်း၊ အဆိုပါရုပ်မြင်သံကြားလိုင်းအသစ် အစီအစဉ်ကို လုပ်ငန်းရှင်များက မိမိတို့၏ဟိုတယ်များ၊ တည်းခိုခန်းများတွင် တပ်ဆင်ထုတ်လွှင့်ပေးပါက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ကွက်လပ်ဖြည့်နိုင်၊ ချော့မွေ့လာ

ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ရုပ်မြင်သံကြားနှင့် သတင်းစာများက နေ့စဉ်ဖော်ပြထုတ်လွှင့်ပေးနေ၍သာ ပြည်တွင်းပြည်ပရှိ ပြည်သူများက သိရှိစိတ်ဝင်စားလာခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ရုပ်မြင်သံကြားလိုင်းများ ထုတ်လွှင့်မှုအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ Forever Group Co.,Ltd. မှ ဒါရိုက်တာ ဦးဝင်းမော်က ရုပ်မြင်သံကြားလိုင်းအသစ် အစီအစဉ်နှင့် အခြားရုပ်မြင်သံကြားလိုင်းများကို ဖမ်းယူကြည့်ရှုနိုင်မည့် Digital Receiverဖြစ်သည့် Myanmar Media Box (MMBox) အကြောင်းကိုလည်းကောင်း၊ Imforithm Maze Co., Ltd.မှ မန်နေဂျင်း ဒါရိုက်တာ ဦးသောင်းစုငြိမ်းက ခရီးသွားလုပ်ငန်း မြှင့်တင်ရေးစီဒီရွမ် (Fascinating Myanmar) အကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် အစည်းအဝေး တက်ရောက်လာသူများက ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကားပြောကြားကာညှိနှိုင်းအစည်းအဝေးကို ညနေ ၆ နာရီခွဲတွင်ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

Mr. Khemchand Dadlani & Mrs. Vineeta

တို့၏တစ်ဦးတည်းသောသား

မောင်အောင်ကျော်မိုး(a) Prem (M.Com)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၁၀)၊ ဘောက်ထော်နေ

ဦးမောင်မောင် (a) Chandra Dev Prakash

(Chairman, Malikha Automobile Co., Ltd.) နှင့်

ဒေါ်စန်းမြင့် (Director, Shwe Super Light Co., Ltd.) တို့၏ သမီးကြီး

မစန္ဒာဝင်း(a) Jyoti (B.A)

တို့၏ ၁.၂.၂၀၀၄(တနင်္ဂနွေနေ့) တွင် Traders Hotel၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဉာဏ်ထွန်းနှင့် ဇနီးဒေါ်ခင်မျိုးဦး၊ မင်္ဂလာရွှေဆွဲကြိုး ဆင်မြန်းချီးမြှင့်ပေးသောလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားနှင့် ဇနီးဒေါ်ခင်အေး၊ မင်္ဂလာရွှေလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီးဒေါ်ကြည်ကြည်ဝင်း၊ မင်္ဂလာလက်ဆွဲပေးပို့ချီးမြှင့်ပေးသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်နှင့်ဇနီး၊ ကြွရောက်ချီးမြှင့်ကြသော အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Rajiv Kumar Bhatia နှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ Super Coffeemix Mfg Ltd.(Singapore) မှ ဒါရိုက်တာများနှင့် ၂၆.၁.၂၀၀၄ ရက်တွင် Hotel Grand Plaza Park Royal ၌ ကျင်းပပြုလုပ်သော ဓမ္မပွဲအခမ်းအနားသို့ တက်ရောက်ကြသော ဧည့်ပရိသတ်များအားလည်းကောင်း၊ ၃၁.၁.၂၀၀၄ ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာပွဲတွင် ကြွရောက်ချီးမြှင့်ကြသော လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားမှူး ဒေါ်မြရတနာမိုး၊ ရုပ်ရှင်ဂီတအနုပညာရှင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုး ပေးကြသော Super Coffeemix , Laser သွားတိုက်ဆေး၊ Godzilla ခြင်နိုင်ဆေးမှ ကုမ္ပဏီဝန်ထမ်းများ၊ မိတ်ဆွေများ၊ ပန်းအလှဆင်ပေးသော မလေးရှားသန်းမြင့်နှင့် အဖွဲ့၊ မေတ္တာဖြင့် မှတ်တမ်းတင် ဗီဒီယို ရိုက်ကူးပေးသော ကိုသူရ၊ ကိုဂေါ်ဇီလာနှင့်အဖွဲ့၊ ဓာတ်ပုံစိုင်းဘုန်းထူးနှင့် အဖွဲ့၊ ဓာတ်ပုံဦးမြင်း၊ Emperor နှင့် Gold Fingers Mandalay တေးဂီတအဖွဲ့တို့အား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် အောင်ကျော်မိုး-စန္ဒာဝင်း။

မွေးနေ့ဆုတောင်း

မသီတာထွေး၏ ၆-၂-၂၀၀၄ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆုမွန်တောင်းလျက်။

ဝင်းကျော်။

Hard Chrome Plating

ပုံနှိပ်ကြေးလုံးများ၊ ပလတ်စတစ်မိုနှင့်ဒိုင်များ **Hydrolic Shaft & Pump** များ **Crank Shafts** နှင့် အခြားပွန်းစားသွားသော စက် အစိတ်အပိုင်းများ။

KME Engineering Group

အမှတ် ၅၅၀၊ ဧရာလမ်း၊ ဇုန်(၅)၊ လှိုင်သာယာစက်မှုဇုန်၊ ဖုန်း-၀၉၅၀-၁၄၈၂၇

ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးမှုသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အတိုင်ပင်ခံကုမ္ပဏီ လီမိတက်မှ Leadership Skills Development Courseကို ဖေဖော်ဝါရီ ဒုတိယပတ်မှစတင်ပြီး ရုံးချိန် ကျောင်းချိန် ပြင်ပ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ ခေါင်းဆောင်မှုပညာရပ်ကို စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ အဆိုပါသင်တန်းတွင် How to Set and Achieve Career Goals? The Key to Success in any Career, How to Get More Done in Less Time? The Guide to Understand Technology as a Leader, How to Manage Under Pressure, Importance of Attitude in Leadership, Public Speaking နှင့်အခြားခေါင်းဆောင်မှုပညာရပ်များကို ပို့ချ သွားမည်ဖြစ်သည်။ အဆိုပါသင်တန်း အပြင် MBAဝင်ခွင့်ဖြေဆိုလိုသူများ အတွက် GMATသင်တန်းကိုပါ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်း တက်ရောက်လိုပါက MENTORBMC အမှတ် ၃၈၉ ဗိုလ်အောင်ကျော် (အထက်)လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၁၃၅၈ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ် ၁၀၀နေ ဦးမြင့်ခင် [၁၂/ကမရ(နိုင်) ၀၂၄၅၈၃]က မရမ်းကုန်းမြို့နယ် မြေတိုင်း (၂၆သမိုင်း) မြေကွက် (၄၇/ဗ၏အစိတ်အပိုင်း) အား ပိုင်ဆိုင်ကြောင်းနှင့် ရောင်းရန် မြေပုံကူးခွင့်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

ဖေဖော်ဝါရီ ၁ ရက်က အမက(၃) သဃ်ာန်းကျွန်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် လက်ထောက်မြို့နယ် ပညာရေးမှူး ဦးခင်အောင်မြင့်ကတတိယတန်း ဘက်စုံထူးချွန် ပထမဆုရ မထားလဲ့ခင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

အာဆင်နယ်နောက် မန်ယူကပ်လိုက်နေဆဲ

ဟိန်းသန့်

ပရီမီယာရှစ်၌ အာဆင်နယ်နောက် မန်ယူနှင့် ချယ်လ်ဆီးတို့ ကပ်လိုက်လျက် ရှိနေဆဲပင်။ ထိပ်ဆုံးက သုံးသင်းမှာ ဇန်နဝါရီဈေးကွက်၌ အသင်းအင်အားကို ငွေကုန်ခံဖြည့်ထားကြသည်။ အာဆင်နယ်က စပိန်သား ရေးယက်စ်၊ မန်ယူက ပြင်သစ်သားလေး ဆာဟာ၊ ချယ်လ်ဆီးက အင်္ဂလန်ပြည်တွင်းထွက် ပါကား တို့ဖြင့် အသင်းကို အားဖြည့်ထားခဲ့ကြသည်။ ထိုအနေ အထားအရ ထိပ်ဆုံးသုံးသင်းအနေဖြင့် တစ်သင်းကို တစ်သင်း အကြောမခံတော့ဘဲ လက်ကျန်ပွဲများ၌ ချန်ပီယံ သရဖူအတွက် အကြိတ်အနယ် နွှဲကြတော့မည့်ပုံပင်။ လက်ရှိ အနေအထားများအရ ချန်ပီယံဆုအတွက် အာဆင်နယ်နှင့် မန်ယူနှစ်သင်းက ချယ်လ်ဆီးထက် အလား အလာပိုကောင်းလျက် ရှိရာ ချယ်လ်ဆီးအသင်းအနေဖြင့် ယင်းနှစ်သင်းကို ကျော်လွှားနိုင်ရန် မည်သည့်နည်းလမ်းများဖြင့် ကြိုးစား အားထုတ် ပြမည်လဲဆိုသည်မှာ စိတ်ဝင်စားစရာ ကောင်းနေပြန်သည်။

ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်နေ့များတွင် ကစားရမည့်ပွဲစဉ်၂၄ ၌မူ ထိပ်ဆုံးနှစ်သင်းဖြစ်သည့် အာဆင်နယ်နှင့် မန်ယူတို့ အဝေးကွင်း၌ သွားကစားကြရမည်ဖြစ်ပြီး အာဆင်နယ်ကဝုလ်ဖ်၊ မန်ယူက အဲဗာတန်တို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ထိပ်ဆုံးနှစ်သင်း၏ အမှားကိုစောင့်နေသော ချယ်လ်ဆီးအသင်းမှာ အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း အဆင့်(၄)နေရာမှ ချာလ်တန်အသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သဖြင့် ထိပ်ဆုံးသုံးသင်း၏ အနေအထားများမှာ သိပ်မကွာသည့်ပုံပင်။ ယခုကစားမည့် ပွဲစဉ် ၂၄ မှာ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ ခရစ္စမတ်ဝန်းကျင်တွင် ကစားခဲ့သော ပွဲစဉ် ၁၈ ၏ အပြန်အလှန်ပွဲများ ဖြစ်သည်။

ပွဲစဉ် ၂၄ (၇-၂-၀၄/၈-၂-၀၄)

အက်စတန်ဗီလာ-လိဒ်စ်

ပထမအကျော့အဖြေက ၀-၀။ ကစားခဲ့သည်က လိဒ်စ်ကွင်း၌ဖြစ်သည်။ ယခုဗီလာပါ့ခ်၌ ပြန်ကစားရမည်ဖြစ်ရာ အကျပ်အတည်းများဖြင့် တွေ့ကြုံနေရသော လိဒ်စ်တို့၏ ရုန်းထွက်နိုင်စွမ်းအား မည်မျှပြင်းထန်မည်ကို စောင့်ကြည့်ရပေတော့မည်။ လောလောဆယ် ဗီလာခြေ အတော်တွေ့နေသည်။ အထူးသဖြင့် တိုက်စစ်အား သိသိသာသာကောင်းမွန်နေသည်။တောင်ပံတိုက်စစ်အတွက် နယူးကာဆယ်မှ ဆိုလာနိုလည်း ဗီလာသို့ရောက်လာရာ ဗီလာတိုက်စစ် ပိုတောင့်တင်းမည့်ပုံရှိနေသည်။ လိဒ်စ်မှာ အခက်အခဲများမှ ရုန်းထွက်ချင်စိတ်တော့ ရှိနေသည်။ သို့သော် အသင်း၌ ဂိုးသမားလေးရော်ဘင်ဆင်၊ မိုက်ကယ် ဘရစ်ဂျက်တို့မရှိတော့။ ဗီနူကာလည်း ရှိမရှိမသေချာသေး။ သည်တော့ ငွေကြေးကြောင့် အပြောင်းအရွှေ့ဈေးကွက်၌ လှုပ်ရှားနေရသဖြင့် အသင်း၏အာရုံမှာလည်းပြိုင်ပွဲ၌ အပြည့်အဝရှိနိုင်ဖို့မလွယ်လှသေးရာ ယခုပွဲ၌လိဒ်စ်တို့၏ ရုန်းထွက်အားကို သံသယဖြစ်ချင်စရာ။ ထို့ကြောင့် အိမ်ကွင်းမာပြီး တိုက်စစ်စွာသည့်ဗီလာကို အနိုင်ပေးကြည့်လိုက်မိသည်။

အဲဗာတန်-မန်ယူ

ပထမအကျော့အိမ်ကွင်း၌ မန်ယူတို့လူသစ်လေးများ ထုတ်သုံးပြီး အဲဗာတန်ကို သက်သက်သာသာဖြင့် အနိုင်ယူထားသည်။ ၃-၂။ ယခုအဲဗာတန်ကွင်း၌ ပြန်ကစားမည့်ပွဲတွင် ဖာဂူဆန်လူစုံထုတ်လိမ့်မည်ထင်သည်။ လက်ရှိ မန်ယူ၏ အနေအထားက ရှေ့၌ ဆာဟာ၊ နစ္စတယ်ရွိုင်းအတွဲနှင့် ကွင်းလယ်သမားများ၏ အချိတ်အဆက်မဆိုးလှ။ ဆိုးနေသည်က ဖာဂီလူမဖြည့်မိသည့်က ခံစစ်၌ဖြစ်နေသည်။ ဖာဒီနန် မကစားနိုင်သည့် ခံစစ်ကို ယခုအချိန် ဦးဆောင်ပေးနိုင်မည့်သူ မရှိသေး။ ဘရောင်း အရင်ခြေမျိုး မရသေးသည်က မန်ယူခံစစ်ကို အားပျော့သွားစေသည်။ စိန့်တွေနှင့်ပွဲကို ပြန်သတိရလိုက်ပါ။ မန်ယူခံစစ် ထိုသို့ဆက်ဖြစ်နေလျှင် အဲဗာတန်က ရူနီနှင့်ရက်ဇင်စကီးတို့ ဒန်ကင်ဖာဂူဆင်လို ပရီမီယာကြောနပ်နေသူနှင့်ပေါင်းပြီး မန်ယူကို ဒုက္ခပေးသွားနိုင်သည်။ ထို့အပြင် အဲဗာတန် ခံစစ်နှင့် ဂိုးသမားမာတင်တို့ လီဗာပူးနှင့် ကစားသလို အစွမ်းမျိုးရှိဦးမည်ဆိုပါက မန်ယူတို့ ဂိုးရရေးခက်တော့မည့်ပုံရှိသည်။ သို့သော်အဲဗာတန်ခံစစ်မှူးများ၏ ခြေစွမ်း မတည်ငြိမ်တတ်သည်က မန်ယူအတွက် မျှော်လင့်ချက်တော့ ရှိနေသည်။ ထို့အပြင် အက်ဖ်အေပြန်ကန်မည့်ပွဲကြောင့် ပွဲပန်းနေနိုင်သည့်အချက်ကိုပါ မန်ယူတို့အခွင့်အရေးယူနိုင်ခဲ့ပါက မန်ယူတို့ ယခုပွဲ၌ ရှုံးနိမ့်သွားသည်အထိဖြစ်သွားလိမ့်မည်မထင်မိတော့။ သရေကျဖို့များနေပြီး နိုင်မည်ဆိုလျှင် မန်ယူပင်ဖြစ်လိမ့်မည်။

မစ်ဒယ်ဘရော့-ဘလက်ဘန်း

ပထမအကျော့ဘလက်ဘန်းကွင်းတွင်၂-၂ သရေကျထားသည်။ ယခုဆုံမည်က မစ်ဒယ်ဘရော့ကွင်း၊ မစ်ဒယ်ဘရော့ ခုနောက်ပိုင်း တိုက်စစ်ပြန်တက်လာသလို တွေ့ရသည်။ထို့အပြင်ကွင်းလယ်၌လည်းဘရာဇီးသား ရီကာဒင်ဟိုနှင့် အားဖြည့်ထားပြန်ရာ ရီကာဒင်ဟို၊ ဒိုရီဗာ၊ ဂျူနင်ဟိုတို့၏ ဘရာဇီးတွဲလုံးများဖြင့် ကွင်းလယ်အားတက်လာနိုင်သည်။ ဘရာဇီးသားသုံးဦးနှင့် ဘိုတန်၊ ဇန်ဒန်း ဟော်လန်သားနှစ်ဦး ပေါင်းစပ်မိသွားသည့်အခါ၌ ရှေ့မှ ကင်မရွန်းသားလေး ဂျိုးဆက်ပ်ဒီဗိုင်းယားဂျော့ဘ် တစ်ယောက် ဂိုးသွင်းပြနိုင်ဖို့သာလိုတော့သည်။ ဘလက်ဘန်း၏ ခံစစ်ကြောင်းကလည်း ခုချိန်ထိမတည်ငြိမ်သေးရာ မစ်ဒယ်ဘရော့အိမ်ကွင်း၌ နိုင်ပွဲရသွားနိုင်ခွင့်များနေသည်။

နယူးကာဆယ်-လက်စတာ

နယူးကာဆယ်ပစ်မှတ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်၊ လက်စတာ၏ပစ်မှတ်မှာ အတန်းမဆင်းရရေး၊ ထို့ကြောင့် ပွဲမှာ အကြိတ်အနယ်ရှိနိုင်သည်။ သို့သော် ယခုနောက်ပိုင်း လက်စတာခံစစ်ပျက်သွားသည်။နောက်ဆုံးပွဲသုံးပွဲကို၁၂ဂိုး ပေးလိုက် ရသည်။ ထိုခံစစ်ကိုမစ်ကီအဒမ်ပြုပြင်ပြီးပြီလား၊ ထိုခံစစ်မျိုးဖြင့်သာ နယူးကာဆယ်ကွင်းသို့လာယှဉ်ခဲ့ပါက လက်စတာထပ်ပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်သွားရုံသာရှိနေသည်။ နယူးကာဆယ်တိုက်စစ်မှူးများ၏ ဂိုးသွင်းအစွမ်းကို ကြည့်ရမည့်ပွဲဖြစ်သည်။ ပထမအကျော့၌ ၁-၁ သရေကျခဲ့သည်ကို နယူးကာဆယ်အသင်းသားများ မကျေမနပ်ဖြင့် ပေါက်ကွဲပြကြတော့မည်ထင်သည်။

ဘော်လ်တန်-လီဗာပူး

အန်ဖီး၌ပထမအကျော့က ၃-၁၊ လီဗာပူးအနိုင်၊ ယခုဆုံမည်က ဘော်လ်တန်၏ ရီဘော့ကွင်း၊ ဘော်လ်တန် အိုကိုချာမရှိသော်လည်း ပုံမှန်အတိုင်းပင် တိုက်စစ်မပျက်၊ ခံစစ်မပျက် အရှိန်နှင့်ဆက်သွားနေသည်။ အထူးသဖြင့် ဘော်လ်တန် တိုက်စစ်မှူးများ သွေးကြွလာသလိုပင်ရှိနေသည်။လီဗာပူးမှာဘော်လ်တန်နှင့်ဆန့်ကျင်ဘက်တိုက်စစ်မှာ ဆုတ်ယုတ်နေသည်။ အိုဝင်ကစားနေသည်ဟု ဆိုရုံသာရှိသည်။ ချေရူးလျှော့က်ပြေးနေသည်။ ကီးဝဲလ်ကလည်း ဘယ်ခြေတစ်ချောင်းဖြင့် အလုပ်ရှုပ်နေသည်။ ငွေရောင်ဆံပင်ဆိုးပြီး သူများနှင့်ထူးခြားအောင် လုပ်ထားသည့် ပြင်သစ်သားလေးကလည်း ထူးထူးခြားခြား ဂိုးပေါက်ကို မိုးပေါ်၌ရောက်နေသည်ထင်နေသည်။ ထိုတိုက်စစ်မှူးများအတွက် ကွင်းလယ်မှ ဂျရတ်နှင့်ဟာမန်းတို့ပါပြီးအလုပ်လုပ်ပေးနေရသဖြင့် ဒုတိယပိုင်း၌ လီဗာပူးကစားပုံကျသွားတတ်သည်။ ခံစစ်မှာလည်းဟစ်ပီယာ ကပ္ပတိန်လက်ပတ်ပြုတ်ကတည်းက မစွမ်းတော့၊ ဟန်ချော့ပ်မှာလည်း ပျာယာခတ်ဆဲ၊ ဖင်နန်ကလည်း သူနှင့်ဆုံသူတိုင်းကို ထိန်းနိုင်လေ့မရှိ၊ ကာရက်ဂါသာ အားကိုးရဖွယ် ရှိနေသည်။ ထိုခြေဖြင့် ဘော်လ်တန်ကွင်းသွား၍မဖြစ်နိုင်။ ခြေကွာနေသည့် ဘော်လ်တန်ကိုယှဉ်နိုင်ဖို့ ဟူလီယာအပြောင်းအလဲတော့ လုပ်ထားနိုင်သည်။ သို့ပေမယ့်လည်း ရီဘော့ကွင်း၌ လီဗာပူးနိုင်မည်မထင်မိ။

တော့တင်ဟမ်-ပို့စ်မောက်

ပထမအကျော့ အဖြေ ၂-၀၊ ရှုံးထားသည်က တော့တင်ဟမ်၊ သည်တော့အိမ်ကွင်း၌ တော့တင်ဟမ် ရှုံးကြွေးဆပ်ဖို့ကြိုးစားပေတော့မည်။ ပို့စ်မောက်ကလည်း ခုချိန်ထိအဝေးကွင်း၌ နိုင်ပွဲမရှိသေး။ နောက်ပိုင်း ကစားပုံများ အရ လည်း လူအိုတိုက်စစ်မှူးကြီးများ ဂိုးပေါက်ပျောက်နေကြသည်။ ထို့ကြောင့် လူစုံပြီး ပြန်လည်တောင့်တင်းလာသည့် တော့တင်ဟမ်ကို ဝိုက်ဟာ့တ်လိန်း၌ ယှဉ်ပြိုင်ရန်မလွယ်လှ။ တော့တင်ဟမ် နိုင်ပွဲရဖို့များနေသည်။

ဝုလ်ဖ်-အာဆင်နယ်

အာဆင်နယ်အားသစ်လောင်းထားသည်။ ရေးယက်စ်ဆိုသည့်စပိန်သားလေးက အာဆင်နယ် ကစားပုံနှင့် မြန်မြန်အံဝင်နိုင်လိမ့်မည်ဟု ဆိုနေကြသည်။ ဟုတ်မဟုတ်တော့ စောင့်ကြည့်ရလိမ့်မည်။ ဝုလ်ဖ်၌လည်း ပေါလ်ဂျုံးစ် (ဂိုး)၊ အာမီယိုဘီတို့ အသစ်ရောက်နေသည်။ အိမ်ကွင်း၌ အစွမ်းရှိတတ်၍ အာဆင်နယ် သတိတော့ထားရလိမ့်မည်။ သို့သော်အာဆင်နယ်ကလည်းပရီမီယာ၌ရှုံးပွဲမရှိသေးသည့် ဂုဏ်ကိုဝုလ်ဖ်လိုအတန်းဆင်းဇုန်ထဲမှ အသင်းတစ်သင်းကြောင့် အပျက်ခံလိမ့်မည်မထင်။ နောက်တွင်လည်း မန်ယူ၊ချယ်လ်ဆီး ထက်ကြပ်ပါနေရာ ရှေ့မှပြေးနိုင်သမျှ ပြေးလိမ့်မည်သာဖြစ်သည်။ အိမ်ကွင်းကောင်းသည့် ဝုလ်ဖ်၊ မန်ယူကိုနိုင်ခဲ့သည့်ဝုလ်ဖ်၊ လီဗာပူးကို သရေကစားခဲ့သည့် ဝုလ်ဖ်၊ အာဆင်နယ်နှင့် အတွေ့မှာတော့အိမ်ကွင်း၌စွာနိုင်တော့မည်မထင်မိ။

ဆောက်သမ်တန်-ဖူလ်ဟမ်

ဆောက်သမ်တန် ကစားပုံကောင်းလာနေသည်။ ဖိလစ်လည်း ဂိုးရနေပြီ။ သို့သော်ခက်နေသည်က ခံစစ်၌ဖြစ်သည်။ စိန့်တို့၏ခံစစ်မှာ မသေသပ်ဘဲ ရှိနေကြသေးသည်။ ထိုခံစစ်ဖြင့် ဆာဟာမရှိလည်း မထူးခြားကြောင်း ပြလိုနေသည့်ဖူလ်ဟမ် တိုက်စစ်ကို တစ်ချိန်လုံးတောင့်ခံနိုင် မည်လား သံသယဝင်မိသည်။ စိန့်တို့မျှော်လင့်ချက်က ဖူလ်ဟမ်၏ အဝေးကွင်း ကစားအားပင်ဖြစ်သည်။ ဖူလ်ဟမ်တို့အဝေးကွင်း၌ သာမန်သာကစားနိုင်ရာ ဖိလစ်၊ ဘီတီတို့သာ စောစောစီးစီးခြေစွမ်းပြပြီး ဂိုးရခဲ့လျှင် အနိုင်ရမည့်အသင်းမှာ စိန့်တို့ပင်ဖြစ်သွားလိမ့်မည်။

မန်စီးတီး-ဘာမင်ဂမ်

မန်စီးတီး အနိုင်ပြန်ရရေး အရေးကြီးနေပြီဖြစ်သည်။ တိုက်စစ်က ဂိုးများရနေပါလျက် ခံစစ်ကြောင့် မန်စီးတီး အခက်ကြုံနေရသည်။ ဒေးဗစ်ဂျိမ်းစ် ရောက်လာရုံဖြင့် ထိုကိစ္စမပြေလည်သေး။ ဘာမင်ဂမ်မှာလည်း ကစားအားကောင်းသည့်အသင်းဖြစ်သည်။ ခံစစ်ကိုလုံခြုံအောင် လုပ်ကစားထား သဖြင့် မန်စီးတီးထိုးဖောက်ရခက်နိုင်သည်။ ဘာမင်ဂမ်၏ လျင်မြန်သည့် တန်ပြန်တိုက်စစ်ကသာ မန်စီးတီး၏ ခပ်ပျော့ပျော့ခံစစ်ကို ဒုက္ခပေးသွားနိုင်သည့် အနေအထားမျိုးဖြစ်နေသည်။ သရေပွဲဖြစ်သွားနိုင်သည့် ပွဲမျိုးဖြစ်သည်။

ချယ်လ်ဆီး-ချာလ်တန်

ချယ်လ်ဆီး ပထမအကျော့က ၄-၂ ဖြင့် အရှုံးကို အကြွေးဆပ်ပေးတော့မည်။ လောလောဆယ် ချာလ်တန် ခြေကျသလိုဖြစ်နေသည်။ ခြေကျသည်မှာ ပါကားကြောင့်ဟုဆိုသည်။ယခုပါကားမှာ ချယ်လ်ဆီးသို့ရောက်သွားပြီး ချာလ်တန်တို့ မခံချင်စိတ်ဖြင့် ချယ်လ်ဆီးကို ပြန်တုံ့ပြန်ဖို့များနေသည်။ ပါကား ချက်ချင်းသူ့အသင်းဟောင်းကို ရင်ဆိုင်နိုင်ဖွယ်မရှိ။ သည်တော့ ချယ်လ်ဆီး အကြွေးဆပ်ခွင့်ရရေးမှာ လမ်းပတ်အပေါ်တွင် မူတည်နေသည်။ ခံစစ်ကြောင်း တည်ငြိမ်မှုရှိမရှိပေါ်မှာ မူတည်နေသည်။ ပါကားမရှိသော်လည်း ချာလ်တန်တို့ကြိုးစားပြီး ဖြည့်ကစားလိမ့်မည်။ ချန်ပီယံလိဂ်ဝင်ခွင့်ကို ပစ်မှတ်ထားနေရာ ယင်းပစ်မှတ်ကိုရောက်နိုင်ရန် အသင်းလိုက်အားဖြင့်ချယ်လ်ဆီးကိုတုံ့ပြန်လိမ့်မည်။ချာလ်တန်မှာကွင်းမရွေးဘဲ အစွမ်းပြလေ့ရှိသည့်အသင်းဖြစ်ရာ တစ်ကိုယ်တော်များ များနေသော ချယ်လ်ဆီးယခုပွဲ၌ နိုင်မည်မထင်မိ။ သရေပွဲဖြစ်သွားလိမ့်မည်ထင်မိသည်။ ။

စုပေါင်းထမနဲထိုး

ရန်ကုန် ဖေဖော်ဝါရီ ၅

စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက် ညောင်တုန်းလမ်း မိသားစု၏ ပဉ္စမအကြိမ်မြောက် စုပေါင်း ထမနဲထိုး၍ စာသင်တိုက်ကြီးများသို့ ဆက်ကပ်လှူဒါန်းခြင်း၊ လမ်းအတွင်း ဓမ္မာရုံရှေ့တွင် စတုဒိသာကျွေးခြင်းကို ယနေ့နံနက်ကကျင်းပသည်။

လှူဒါန်းရာတွင် နေနတ်သား စာသင်တိုက်၊ အောင်မင်္ဂလာစာသင်တိုက်နှင့် ဝံသမေဒနီ စာသင်တိုက်များသို့ ဆက်လက်လှူဒါန်းကြပြီး လမ်းအတွင်း ကျွေးမွေးဝေငှလှူဒါန်းရာ ဒယ်ပေါင်း ၂၀ ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အောက်စီဂျင်စက်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၅

မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းကတစ်ဆင့် အမှတ်(၁၆) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀) မကွေးသို့ အောက်စီဂျင်စက်လှူဒါန်းပွဲ ကို ဇန်နဝါရီ ၂၉ရက်က ယင်းဆေးရုံ ရှင်းလင်းဆောင်၌ ကျင်းပရာ ရန်ကုန်မြို့မှ အလှူရှင်ဦးအောင်ကိုဇော်-ဒေါ်အေးစန္ဒာမြိုင်တို့က ကျပ် ၁၅၅၇၅၀၀ တန်ဖိုးရှိ အောက်စီဂျင်စက်ကို မကွေးမြို့ ကရုဏာရှင်များ အသင်းဥက္ကဋ္ဌ ဦးလှဆန်းကတစ်ဆင့် ပေးအပ်လှူဒါန်းရာ အမှတ်(၁၆) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)တပ်မှူးဗိုလ်မှူးကျော်ကျော်က လက်ခံသည်။ မကွေးမြို့ ကရုဏာရှင်များ နာရေးကူညီမှုအသင်းကြီးမှ မကွေးတိုင်းဆေးရုံကြီးသို့လည်း အောက်စီဂျင်များ အခမဲ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

နေပြည်တော်မြို့ တောင်ပိုင်းရပ် စံပြ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၈ရက်က ကျင်းပရာ တစ်နှစ်ပတ်လုံး ခွင့်မယူ ကျောင်းတက်ရက်မှန်သော ဆရာမဒေါ်မြင့်မြင့်ပြုံးအား ကျောင်းအုပ်ဆရာကြီး ဦးကြင်ထွန်း က ဆုချီးမြှင့်စဉ်။ (၀၈၅)

အပ်ချုပ်သင်တန်းတက်ရောက်နိုင်ကြ

ရန်ကုန် ဖေဖော်ဝါရီ ၅

မဏိစန္ဒာ အပ်ချုပ်သင်တန်းကို ဆရာမကြီး ဒေါ်မြမြဝင်းက ဦးဆောင်၍ ဆရာမ ၁၈ ယောက်တို့က အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးခဲ့သည်မှာ ၂၃ နှစ်တိုင်ရှိခဲ့ပြီဖြစ်သည်။ အပ်ချုပ်ဘာသာရပ် ငါးဘာသာကို တစ်ဘာသာလျှင် ပုံဆန်း၁၀၀ခန့်ဖြင့် ဝါရင့်ဆရာမ များက တစ်ဦးချင်းစနစ်တကျ အတတ်သင်ပေးလျက် ရှိသည်။ ထို့အပြင် သိုးမွေးထိုး သင်တန်းကိုလည်းတာဝန်ယူ သင်ကြားပေးလျက်ရှိသည်။သင်တန်းကျောင်းသို့နေ့စဉ်တက်ရန်အခက်အခဲရှိသူများ အတွက် အိမ်အရောက် သီးသန့် သင်တန်းကို စီစဉ်ပေးသည်။ အသေးစိတ် သိရှိလိုပါက အမှတ် ၆၅ အနော်ရထာလမ်း(အနော်ရထာလမ်းနှင့်ဗိုလ်အောင်ကျော်လမ်းထောင့်)နှင့် ၁၀၄/၁၁၂ အနော်ရထာလမ်း ၃၈ လမ်းနှင့်၃၇ လမ်းကြားတွင် လည်းကောင်း၊ဖုန်း ၀၉-၅၀၀၇၆၅၀၊ ၂၈၆၃၉၀၊ ၂၈၉၀၇၀ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဟောင်လိတ်ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

တာချီလိတ် ဇန်နဝါရီ ၃၀

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့ ဟောင်လိတ်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမကြီးနှင့် ဆက်စပ်သည့် ကိုယ့်အားကိုယ်ကိုး ခရာဝါလမ်းနှင့် ကြေးနီကြေးဝါလမ်း ကတ္တရာလမ်း ဖွင့်ပွဲကို ဇန်နဝါရီ ၂၇ရက်က ကျင်းပသည်။ အခမ်းအနားတွင် ဗိုလ်မှူးကြီး မြင့်ဟန်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး၊ အခါတိုင်းရင်းသား ခေါင်းဆောင် ဦးအရှီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ယာပုံ) (နယ်စပ်စည်ပင်)

ပြည်လုံးချမ်းသာစေတီတော် ထီးတော်တင်ပွဲကျင်းပ

ရေဖြူ ဇန်နဝါရီ ၂၇

ရေဖြူမြို့နယ် ရှေးဟောင်းသမိုင်းဝင် ပြည်လုံးချမ်းသာစေတီတော်၊ ထီးတော်တင်လှူပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက်က ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များ၊ထီးအလှူရှင်မိသားစု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များက ထီးတော်ကို ပင့်ဆောင်တင်လှူခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ထူးချွန်ဝန်ထမ်းများ ဆုချီးမြှင့်

မော်လမြိုင် ဇန်နဝါရီ ၂၉

မြန်မာ့မီးရထား တိုင်းအမှတ်(၈) မော်လမြိုင်နယ်မြေတွင်းရှိ အငြိမ်းစားဝန်ထမ်းများ၊ ၂၀၀၁-၂၀၀၂ ပညာသင်နှစ် ထူးချွန်ဆုရ ဝန်ထမ်းသားသမီးများနှင့် လုပ်ငန်းတာဝန် ထူးချွန်စွာဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ရက်က မော်လမြိုင်မြို့ မုပွန်နယ်မြေရှိမြန်မာ့မီးရထား တိုင်းအမှတ်(၈) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းအမှတ်(၈)တိုင်းတာဝန်ခံ ဦးကျော်ကျော်မျိုးက အငြိမ်းစားယူခဲ့သည့် ဝန်ထမ်း ၆၅ ဦး၊ ပညာထူးချွန်ဆုရ ကျောင်းသားကျောင်းသူ ၂၉ ဦးနှင့် ထူးချွန်စွာဆောင်ရွက်ခဲ့သော ဝန်ထမ်း ၁၅ ဦးတို့အား ဂုဏ်ပြုဆုကြေးနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြောင်း သိရသည်။

(အောက်ပုံ)(၁၆၈)

လူငယ်များအတွက်မှတ်သားဖွယ်ရာသင်တန်းဖွင့်

ပုသိမ်ကြီး ဇန်နဝါရီ ၁၅

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်တွင် လူငယ်များအတွက် မှတ်သားဖွယ်ရာအဖြာဖြာသင်တန်း အသိပေးရှင်းလင်းပွဲကို ဇန်နဝါရီ ၈ရက် နံနက် ၉နာရီက ပုသိမ်ကြီးမြို့ ပြည်သူ့ဆေးရုံရှိ သံဃာဆေးကုသဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ အသိပေးရှင်းလင်းပွဲကို မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းမြင့်က လူငယ်များအတွက် မှတ်သားဖွယ်ရာအဖြာဖြာသင်တန်း ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ အသိပေး ရှင်းလင်းပြောကြားသည်။ ထို့နောက်မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်အေးအေးမူက သင်တန်းဖွင့်လှစ်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ပုသိမ်ကြီးမြို့နယ်တွင် လူငယ်များအတွက် မှတ်သားဖွယ်ရာအဖြာဖြာသင်တန်းကို မြို့ပေါ်ရပ်ကွက်များမှ သင်တန်းသား ၂၀၀နှင့် ကျေးရွာများမှ သင်တန်းသား ၆၀၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကွင်းဆင်းဆောင်ရွက်

ဇန်နဝါရီ ၇ ရက်က တန့်ဆည်မြို့ ပေါ်ဦးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးကြစဉ်။

(က-ပ)

ထူးချွန်ဆုပေးအပ်

၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇီဝဗေဒဘာသာရပ်ဂုဏ်ထူးထွက်အောင် သင်ကြားပေးသော စကုမြို့ အထက်တန်းပြဆရာမ ဒေါ်ကြည်ကြည်ဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းက ထူးချွန်ဆုပေးအပ်စဉ်။

(၃၅၇)

လယ်ယာကဏ္ဍအထွက်တိုးရေး ညှိနှိုင်းစည်းဝေး

မလှိုင် ဇန်နဝါရီ ၂၇

မလှိုင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပန်းတိုင်သီးနှံများ အထွက်တိုးရေး လယ်ယာကဏ္ဍညှိနှိုင်းအစည်းအဝေးကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃၁ရက်က မြို့နယ်စိုက်ပျိုးရေးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးဝင်းမောင်က ၂၀၀၃-၂၀၀၄ ခုနှစ် အထွက်တိုးရေးကို အလေးထား ဆွေးနွေးသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးထွန်းလှအောင်၊ မြန်မာ့ဝါနှင့်ပိုး ချည်လုပ်ငန်းမန်နေဂျာ ဒေါ်ခင်ထွေး၊ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးကိုကြီးတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြကြောင်း သိရသည်။ **(၄၁၉)**

ဖလံကုန်း အထက၌ ပညာရေးစုံညီပွဲကျင်းပ

နွားထိုးကြီး ဇန်နဝါရီ ၂၂

နွားထိုးကြီးမြို့ ဖလံကုန်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သန္တာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကောသလ္လ၏ ဩဝါဒခံယူပြီး ပညာရေးစုံညီပွဲတော်ကို ရှေးဦးစွာ နိုင်ငံတော်သီချင်းသီဆို၍ ဖွင့်လှစ်ကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကား ပြောကြားပြီး ပညာရည်ထူးချွန်ဆုနှင့် အားကစား ထူးချွန်ဆုများ ချီးမြှင့်၍ ပျော်ပွဲရွှင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ **(၂၁၃)**

ဇန်နဝါရီ ၂၇ရက်က ကွတ်ခိုင်မြို့ သာယာလှပရေးအတွက် လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးဘေး ဝဲယာတစ်လျှောက် ပန်းအလှခုံများပြုလုပ်နေမှုနှင့် ပန်းအလှပင်များစိုက်ပျိုးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့်ဒုတိယဦးစီးမှူးဦးဌေးလှိုင် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဌေးတို့က ကြီးကြပ်ဆောင်ရွက်စဉ်။(မြို့နယ်ပြန်/ဆက်)

စာပေဟောပြောပွဲနှင့်စာပေပြိုင်ပွဲဆုချီးမြှင့်

ပဲခူး ဇန်နဝါရီ ၂၇

ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကျင်းပသည့် ၁၃၆၅ခုနှစ် အမျိုးသားစာဆိုတော်နေ့ အထိမ်းအမှတ်စာပေဟောပြောပွဲနှင့် စာပေပြိုင်ပွဲ ဆုနှင်းပွဲကို ဒီဇင်ဘာ ၂၉ ရက် ည ၇နာရီက ပဲခူးမြို့ ရွှေမော်ဓော ဘုရားလမ်း သီရိဟံသာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဝတ္ထုဆောင်းပါး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများကို ရန်ကုန်မြို့မှ စာပေဟောပြောရန် ရောက်ရှိလာကြသည့် စာရေးဆရာကြီးများက ဆုချီးမြှင့်ကြသည်။

ထို့နောက် စာရေးဆရာ မောင်သိန်းဆိုင်၊ အမျိုးသားစာပေဆုရစာရေးဆရာများဖြစ်ကြသော ချစ်စံဝင်း၊ စာရေးဆရာမ မိချမ်းဝေ၊ စာရေးဆရာမ သန်းမြင့်အောင်တို့က စာပေရေးရာများကို ဟောပြောကြသည်။ **(၁၇၃)**

တပ်ကုန်း အထက(၂) ပညာရေးစုံညီပွဲတော်ကျင်းပ

တပ်ကုန်း ဇန်နဝါရီ ၂၇

တပ်ကုန်းမြို့နယ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက အမှာစကားပြောကြားပြီး ကျောင်းသူကျောင်းသားများက "ပြည်မြန်မာ" သီချင်း သံပြိုင်သီဆိုကြသည်။ ထို့နောက်ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(၂၆၆)**

တရုတ်စာ အရေး၊ အပြော၊ အဖတ် သင်တန်းများဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၅

နွေရာသီ အားလပ်သောအချိန်များကို အကျိုးရှိစွာဖြင့် တရုတ်စာ၊ စကားကို ဝါရင့်ဆရာမကိုယ်တိုင် စာသင်ချိန်အတိအကျ၊ သင်ကြားမှုအပြည့်အဝဖြင့် သင်ကြားပေးမည်။ ကလေး၊ လူကြီးမရွေး စိတ်ဝင်စားသူတိုင်းကို အခြေခံမှစ၍ စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက အမှတ် ၁၂၇ မြေညီထပ် ရွှေတောင်တန်းလမ်းတို့ လမ်းမတော်မြို့နယ် ဖုန်း ၂၂၅၃၄၆သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အင်္ဂလိပ်စကားပြောသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၃ ရပ်ကွက်၊ ၃ လမ်း၊ အမှတ် ၂၃ ဖုန်း-၅၇၁၀၂၅ တွင် ဆရာဦးခင်မောင်ဌေးဦးစီးလျက် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ နံနက်၊ ညနေ စနေ၊ တနင်္ဂနွေ တန်းခွဲများ ပုံမှန်သင်ကြားလျက်ရှိရာ Four Skills & Grammar သင်တန်းများကို Intermediate Level ကို ဗဟိုပြုလျက် သင်ကြားလျက်ရှိသည်။

TOEFL နှင့် IELTS သင်တန်းများ Academic Writing နှင့် Speaking သီးသန့်သင်တန်းများ ပုံမှန်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး မတ်လဆန်းတွင် အခြေခံတန်းခွဲ Basic Course ဖွင့်လှစ်သွားမည်ဖြစ်ရာ စိတ်ဝင်စားသူများ စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အလှူရေစက်ချအမှျဝေခြင်း

ရန်ကုန်တိုင်းတွံတေးမြို့နယ် ပျော်ဘွယ်ကြီး ကျေးရွာ၊ သိမ်ကျောင်းဆရာတော်ဦးတေဇိန္ဒအား နှစ်ထပ်ကျောင်းဆောင်သစ်ကြီးနှင့် မုခ်ဦးစသည်များကို ၁၇-၁-၂၀၀၄ ရက်တွင် ရေစက်ချ လှူဒါန်းပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အလှူရှင်များအားလုံးသာဓုအနုမောဒနာ ပြုနိုင်ကြပါစေရန်အကြောင်းကြားပါသည်။

